ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်၌ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ အနှစ် (၂၀) မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒေသဝမ်းစာဖူလုံလာရေးရာသီဥတုကိုအကြောင်းပြနေရုံနှင့်မပြီး အခက်အခဲများကျော်လွှားနိုင်အောင်နည်းလမ်းရှာကြံ သဘာဝအရင်းအမြစ်များကို လူ့စွမ်းရည်ဖြင့် တီထွင်ကြံဆပြီး နည်းလမ်းရှာဖွေလုပ်ဆောင် ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားရေး ရရှိလာသည့်အခြေအနေကောင်းများကို စေတနာအားထည့်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ပုဂံညောင်ဦး လေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီတော်အမှတ်(၈၆၁) စေတီတော်အား တင်လှူပူဇော်မည့် စိန်ဖူးတော်အား ရထားပျံပေါ်သို့ပင့်ဆောင်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။
(သတင်းစဉ်)

ပခုက္ကူတက္ကသိုလ် (ပင်မဆောင်) ပုံစံငယ်

ပခုက္ကူတက္ကသိုလ် (ပင်မဆောင်) ပုံစံငယ်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

မြန်မာ–ထိုင်း နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေရေး သဘောတူညီမှုများ လျင်မြန်စွာအကောင်အထည်ဖော်

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုအစည်းအဝေးမှ ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို သဘောတူအတည်ပြုခဲ့ကြသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာအောက်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး၊ စိုက်ပျိုးရေးနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ သဘောတူညီမှုအရ လေးနိုင်ငံစုပေါင်း၍သော်လည်းကောင်း၊ နှစ်နိုင်ငံချင်းသော်လည်းကောင်း စီးပွားရေးပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အဆိုပါ ထိပ်သီးညီလာခံအတွင်းတွင် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်လည်း ညှိနှိုင်းသဘောတူညီခဲ့သည်။

ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ဆွေးနွေးမှာကြားသည်။

ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"ထိုင်းနိုင်ငံမှ စက်ရုံများရွှေ့ပြောင်းတည်ထောင်ခြင်း၊ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊နယ်စပ်ဒေသများ ယခုထက်ပိုမိုတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စက်မှုလက်မှုနှင့် အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများတွင် အထောက်အကူပြုရေး သဘောတူညီခဲ့ကြကြောင်း၊ ယခု ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာစေရန် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း"

ပြောကြားသွားသည်။

ထိုင်းနိုင်ငံစက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က မြန်မာနိုင်ငံသို့ လာရောက်၍ စက်ရုံများရွှေ့ပြောင်းတည်ဆောက်ရေးကိစ္စ၊ စီးပွားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ထားဝယ် ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ထားဝယ်–ကန်ချနာပူရီလမ်း အမြန်အကောင်အထည်ဖော်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံစလုံးအတွက် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် သဘောတူညီမှုများ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၂၁ ရက်က သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဆွေးနွေးပွဲ ၂၀၀၄ တွင် စာတမ်းရှင်တစ်ဦးက စာတမ်းဖတ်ကြားတင်သွင်းစဉ်။

(သမဝါယမ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အကျဉ်းဦးစီးဌာန တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ၂၀၀၃ခုနှစ် တတိယလေးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန(ရုံးချုပ်)၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ အကျဉ်းထောင် အလုပ်စခန်းတာဝန်ခံများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် အကျဉ်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၀ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းခင်းကျင်းပြသရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းက (၅၉) နှစ်မြောက် တပ်မတော်နေ့ပြပွဲ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း ခင်းကျင်းပြသရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ဗိုလ်မြတ်ထွန်းတံတားရေရှည်တည်တံ့ခိုင်မြဲရေးကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက်ယမန်နေ့ နံနက်ပိုင်းက ဗိုလ်မြတ်ထွန်းတံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားအုတ်မြစ်တိုင် ကြံ့ခိုင်ရေးလုပ်ငန်းနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ကျိန်ပင်ဆည်ဘက်ကမ်း မြစ်ကမ်းထိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးချစ်ခင်၊ ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်(တံတား) ဦးခင်မောင်ဦးတို့က အရေးပေါ်ကြံ့ခိုင်ထိန်းသိမ်းခြင်းနှင့် ရေရှည်အတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဘိုးပိုင်အခြေပြု ကျောက်စီတမံလုပ်ငန်း၊အုန်းတုံးအခြေပြုကျောက်စီတမံလုပ်ငန်း၊ သောင်တူးခြင်းနှင့် ရေခေါ်တူးမြောင်း ရေလွှဲတမံတည်ဆောက်ခြင်းလုပ်ငန်းများကိုအသေးစိတ်ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ကာလနှင့် အညီပြီးစီးရေးကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ တရားတော်များဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပခုက္ကူမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ သာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုန္ဒရ၏ လောင်းရှည်မြို့တွင် တပေါင်းလပြည့်ကျော် ၆ ရက်မှ၁၂ရက်အထိ၊ ဆောမြို့တွင် တပေါင်းလပြည့်ကျော် ၁၄ ရက်မှ တန်ခူးလဆန်း၅ ရက်အထိ၊ လောက်မြို့တွင်တန်ခူးလဆန်း ၇ ရက်မှ ၁၃ ရက်အထိ၊ ရေနံချောင်းမြို့တွင် တန်ခူးလပြည့်ကျော် ၁ ရက်မှ ၅ ရက်အထိ၊ တာချီလိတ်မြို့တွင် တန်ခူးလပြည့်ကျော် ၈ ရက်မှ ကဆုန်လဆန်း ၃ရက်အထိ၊ ချောင်းဦးမြို့တွင် ကဆုန်လဆန်း ၄ ရက်မှ ၈ ရက်အထိနှင့် ပခုက္ကူမြို့တွင် ကဆုန်လဆန်း ၉ ရက်မှ ၁၅ရက်အထိ သာသနာပြု ဓမ္မခရီးစဉ်ကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီတော်အမှတ်(၈၆၀)အထွတ်၌ စိန်ဖူးတော် တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီတော် အမှတ် (၈၆၀)၊ စေတီတော် အမှတ်(၈၆၁)အထွတ်၌ စိန်ဖူးတော်တင်လှူပူဇော်ပြီး ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

✻ ဒေသဝမ်းစာမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးမြို့ ရှေးဟောင်းစေတီအမှတ်(၈၆၀) နှင့် (၈၆၁) သို့ ရောက်ရှိကြသည်။

ပူဇော်ကြည်ညို

မန္တလေးတိုင်း ပုဂံညောင်ဦးမြို့ရှိ ရှေးဟောင်းစေတီတော်အမှတ်(၈၆၀) နှင့် (၈၆၁) စေတီတော်နှစ်ဆူတို့အား ရွှေထီးတော်တင်လှူခြင်းမင်္ဂလာ အစီအစဉ်ကို နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်တို့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

မင်္ဂလာအခမ်းအနားသို့ အောင်မြေဗောဓိမဏ္ဍိုင်ပ်သာ ပဓာနနာယက အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယာဝံသ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငွေကျပ်သိန်း၇၀၀ အလှူရှင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဒေါက်တာ အောင်လွင်နှင့် ဇနီး ဒေါ်သက်စန္ဒာမိသားစုနှင့် ဦးလှသန်းနှင့် ဇနီး ဒေါ်ခင်သန်းရီ မိသားစုများ၊ ဘုရားဖူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယာဝံသ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြသည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များသည် ရှေးဟောင်းစေတီတော် အမှတ် (၈၆၀) နှင့် (၈၆၁)တို့၏ စိန်ဖူးတော်များကို တပ်မတော်(လေ)မြလေယာဉ် ထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

စိန်ဖူးတော်တင်လှူပူဇော်

မင်္ဂလာအချိန်တွင် အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယာဝံသ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီ အမှတ်(၈၆၁)ငြမ်းအထက်သို့ တက်ရောက်၍ ဥပါသကာများ တင်လှူပူဇော်ထားပြီးဖြစ်သည့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်အပေါ်၌ စိန်ဖူးတော်ကို တင်လှူ ပူဇော်ကြသည်။ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို နံ့သာရည်များ ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ကြသည်။

ထို့အတူ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယာဝံသ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်အမှတ် (၈၆၀)ငြမ်းအထက်သို့ ဆက်လက်တက်ရောက်ကြပြီး ဥပါသကာများ တင်လှူပူဇော်ထားပြီးဖြစ်သည့် ရွှေထီးတော်ဘုံဆင့်နှင့် ငှက်မြတ်နားတော် အပေါ်၌ စိန်ဖူးတော်ကို တင်လှူ ပူဇော်ကြသည်။ ယင်းနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များကို နံ့သာရည်များဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ကြပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်းဖြိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်း စေတီတော်အမှတ်(၈၆၀)နှင့်(၈၆၁) စေတီတော်နှစ်ဆူ ရွှေထီးတော်တင်မင်္ဂလာ အောင်မြင်ခြင်းအထိမ်းအမှတ် အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ်(၁၀၁)ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပခုက္ကူမြို့နယ် ကျုပ်ပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ Audio ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့၌ ကျင်းပသည့် ၂၀၀၃ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် မွန်းတည့် ၁၂နာရီတွင် ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိမ်းမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်း၏ တည်နေရာနှင့်အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ဇေင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦး ချစ်ခိုင်က ပခုက္ကူတက္ကသိုလ် ပင်မဆောင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းမြေနေရာအနေအထား၊ ပခုက္ကူတက္ကသိုလ် ပင်မဆောင်၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်ထားမှု၊ ပင်မဆောင်တွင် ပါဝင်မည့်အခန်းဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဗိသုကာပုံစံ၏ လိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင်အတည်ပြုပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ရှုရပ်မှနေ၍ ပခုက္ကူတက္ကသိုလ် ပင်မဆောင်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးက ပခုက္ကူခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတအခြေအနေ၊ မိုးရွာသွန်းမှု၊ ဆည်ရေရရှိမှု၊ မြစ်ရေတင်လုပ်ငန်း၊ ကန်နှင့် စက်ရေတွင်းများမှ ရေသယံဇာတရရှိမှု အဓိက သီးနှံကိုးမျိုး စိုက်ပျိုးထားမှု၊ စပါးလျာထားချက်နှင့်စိုက်ပျိုးနိုင်မှု၊ ပြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးမှု၊ ဆီထွက်သီးနှံနှင့် ဝါးမျိုးစုံစိုက်ပျိုးမှု၊ စားဖိုဆောင်သီးနှံစိုက်ပျိုးမှု၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊စိုက်ပျိုးရေ ရရှိရန် စီစဉ်ဆောင်ရွက်နေမှု မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အောင်မြင်ရေးကြိုးပမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဝမ်းစာဖူလုံရေး၊ တွဲဖက်အခြေခံပညာကျောင်းများအဆင့်မြှင့်တင်ပေးရေး၊ ကျန်းမာရေးလုပ်ငန်းလိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်ဒေသအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအရ စပါး၊ ဝါ၊ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးရေးတို့တွင် ရည်မှန်းချက်များပြည့်မီအောင်တိုးချဲ့စိုက်ပျိုးသွားရန် လိုနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင်၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် ရည်မှန်းချက်ချထားပြီးဖြစ်သည်နှင့်အညီ အမှန်တကယ် ဒေသဝမ်းစာဖူလုံလာရေးအတွက် ရာသီဥတုကို အကြောင်းပြနေရုံနှင့်မပြီးဘဲ နည်းလမ်းရှာကြံပြီး အခက်အခဲများကို ကျော်လွှားနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အပြင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ကြံ စသည့် သီးနှံ ၁၀ မျိုး အထွက်နှုန်းတိုးရေးပန်းတိုင် ရည်မှန်းချက်များ အောင်မြင်ရေးကိုလည်း နှစ်စဉ်တိုးတက်အောင် စီမံကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနများကလည်း သူတာကိုယ့်တာ မခွဲဘဲလိုအပ်သည့်ကူညီမှု၊ ပံ့ပိုးမှုများပေးသွားကြရန်လိုကြောင်း။

ပခုက္ကူဒေသသည် မိုးရေချိန်နည်းပြီး ခြောက်သွေ့ဒေသဖြစ်၍

စာမျက်နှာ ၆ ကော်လံ ၁

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုသတ်သေမှုနှုန်း ပိုမိုမြင့်တက်လာ

လုဖ်ကင်(တက္ကဆပ်) ဖေဖော်ဝါရီ ၂၁

ဂျိုဇက်ဂျူဝိန်းဆူရဲလ်သည် ၂၀၀၃ ခုနှစ် ဧပြီလ၌ အီရတ်နိုင်ငံ အိုကလာရှိုဖိုတ်ဆင်းလ်၌ စစ်တပ်ရေနံဖြန့်ဖြူးရေးတာဝန်ခံအဖြစ် တာဝန်ချထားခြင်းခံရပြီး နှစ်လမရှိမီ သေဆုံးသွားခဲ့သည်။

၎င်းမှူးယစ်ဆေးသုံးစွဲမှု အလွန်အကျွံဖြစ်ပြီး သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်စစ်တပ်က သူ့မိသားစုထံ အကြောင်းကြားစာ ပေးပို့ခဲ့သည်။ ၎င်းသေဆုံးမှုသည် လွန်ခဲ့သည့်နှစ်အတွင်း၌ အီရတ်နိုင်ငံတွင် ကိုယ့်ကိုယ်ကိုသတ်သေသော အမေရိကန်တပ်ဖွဲ့ဝင် ၂၂ မှုအနက် တစ်မှုဖြစ်သည်။

မြင့်မား

လွန်ခဲ့သည့်လ၌ ကိုယ့်ကိုယ်ကိုသတ်သေမှုကို ဆွေးနွေးခဲ့သော ကျန်းမာရေးဆိုင်ရာ အမေရိကန်ကာကွယ်ရေးဌာန လက်ထောက်ဝန်ကြီး ဝီလီယံဝီလင်ဝါဒါက လူ ၁၀၀၀၀၀ လျှင် ၁၃ ဒသမ ၅ ဦးနှုန်းဖြစ်ကြောင်း၊ မကြာသေးမီက ရှိခဲ့သည့် ၁၀ ဒသမ ၅ မှ ၁၁ အထိ စစ်တပ် ပျမ်းမျှနှုန်းထက် ၂၀ ရာခိုင်နှုန်း မြင့်မားကြောင်း ပြောဆိုသည်။

စီစဉ်

ပင်တဂွန်စစ်ဌာနချုပ်သည် ကိုယ့်ကိုယ်ကိုသတ်သေမှုအပါအဝင် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုရှိသော တပ်ဖွဲ့ဝင်များကိုစုံစမ်းရန် အီရတ်သို့စေလွှတ်ခဲ့သော အဖွဲ့၏ တွေ့ရှိချက်များကို ထုတ်ပြန်ရန် စီစဉ်ထားသည်။ ဝီကင်ဝါဒါ၏ ရည်ညွှန်းဖော်ပြသော အရေအတွက်တွင် စုံစမ်းနေဆဲအမှုများမပါဝင်ရာ အမှန်တကယ်ရှိသော အရေအတွက်မှာ ပိုများလာဖွယ်ရှိသည်။ ထို့ပြင် ၎င်း၏ဖော်ပြချက်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်သော တပ်ဖွဲ့ဝင်များ၏ ကိုယ့်ကိုယ်ကိုသတ်သေမှုများလည်း မပါဝင်ဟု ဆိုသည်။

ဝေါလ်တာရိဒ်စစ်တပ် ဆေးဘက်ဆိုင်ရာဌာနက အပတ်စဉ် အစီရင်ခံရာတွင် တိုက်ပွဲမှပြန်လာသော တပ်ဖွဲ့ဝင်များ၏ ကုသမှုနှင့်စပ်လျဉ်း၍ သေဆုံးမှုကို ဆေးရုံက မည်သည့်အခါကမျှ ဖော်ပြခဲ့ခြင်းမရှိဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံတွင် သွားရောက် စစ်မှုမထမ်းဆောင်လိုကန်တပ်ဖွဲ့ဝင်တစ်ဦး ကနေဒါ၌ ခိုလှုံခွင့်တောင်းခံ

အော့တဝါ ဖေဖော်ဝါရီ ၂၁

အမေရိကန်လေထီးတပ်သားတစ်ဦးသည် ကနေဒါနိုင်ငံ အော့တဝါမြို့တွင် ကြာသပတေးနေ့က ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ရရန် တောင်းခံလျက်ရှိကြောင်း သိရသည်။

ဂျယ်ရီမီဟင့်ဇ်မန်းဆိုသူသည် ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်စစ်တပ်သို့ဝင်ရောက်ခဲ့သော်လည်း အခြေခံစစ်သင်တန်းကာလအတွင်း သတ်ရေးဖြတ်ရေး ကြွေးကြော်သံများကြောင့် ထိတ်လန့်ခြောက်ခြားမှုဖြစ်လာခဲ့သည်။

စေလွှတ်

သူသည် ၂၀၀၂ ခုနှစ် ဩဂုတ်လ၌ အမေရိကန်အမှတ်(၈၂) လေကြောင်းချီတပ်မတွင် အမှုထမ်းဖြစ်လာခဲ့ပြီး ထိုအတောအတွင်း အာဖဂန်နစ္စတန်သို့ စေလွှတ်ခြင်းခံခဲ့ရသည်။

ခံစားခဲ့ရ

သူသည် အီရတ်စစ်ပွဲ တရားမျှတခြင်းမရှိကြောင်း၊ ရေနံအတွက် စစ်ပွဲဆင်နွှဲခြင်းဖြစ်ကြောင်း သိရှိခံစားခဲ့ရသည်။ လွန်ခဲ့သည့် ဒီဇင်ဘာ ၂၀ရက်၌ အီရတ်သို့ သူ့တပ်ဖွဲ့ ထွက်ခွာမည်ဖြစ်ကြောင်း သိခဲ့သည်။

ထွက်ခွာ

နှစ်ပတ်အကြာ၌ သူသည် သူ၏ဇနီးနှင့် ၁၄ လသား အရွယ် သားငယ်တို့ကိုခေါ်ကာ ကနေဒါသို့ ထွက်ခွာခဲ့သည်။ ဇန်နဝါရီ ၅ ရက်တွင် အမေရိကန်စစ်တပ်က သူ့အား ခွင့်မဲ့ပျက်ကွက်သူအဖြစ် ကြေညာခဲ့သည်။

ခိုလှုံ

ဗီယက်နမ်စစ်ပွဲကာလအတွင်းကလည်း စစ်မှုမထမ်းလိုသဖြင့် အမေရိကန်နိုင်ငံသား ၃၀၀၀၀ ခန့်သည် ကနေဒါ၌ ဒုက္ခသည်အဖြစ် ခိုလှုံခဲ့ကြသည်။

နေခွင့်ရမည်

လွန်ခဲ့သည့်နှစ်၌ ကနေဒါတွင် ဒုက္ခသည်အဆင့် လျှောက်ထားသူ ၂၆၈ ဦးရှိခဲ့သော်လည်း တစ်ဦးကိုမျှ ဒုက္ခသည်အဖြစ် လက်မခံခဲ့ပေ။ ဒုက္ခသည်အဖြစ် အငြင်းခံရသူများသည် အခြားဥပဒေပါ ခွင့်ချက်အပိုဒ်များအရ ကနေဒါနိုင်ငံ၌ နေခွင့်ရမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖေဖော်ဝါရီ ၂၁ ရက်က ဘဂ္ဂဒက်တောင်ဘက် အယ်ဟာ့စ်ဝါဒါကျေးရွာအနီးတွင် အီရတ်ခုခံရေးသမားများနှင့် အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘာလက်မြို့အနီး ယာဉ်တိုက်မှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံအလယ်ပိုင်း ဘာလက်မြို့အနီးတွင် ယာဉ်မတော်တဆတိုက်မှုတစ်ခုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က သေဆုံးသွားခဲ့သည်။

အဆိုပါတပ်ဖွဲ့ဝင်မှာ အင်အား ၃၀၀၀၀ ရှိ အိုင်းယွန်းဟော့စ် အထူးတပ်ဖွဲ့မှဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်က ပြောကြားသော်လည်း အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။

အဆိုပါ အင်အား ၃၀၀၀၀ ရှိသော အိုင်းယွန်းဟော့စ်တပ်ဖွဲ့သည် အီရတ်နိုင်ငံ၌ တစ်နှစ်နီးပါးရှိခဲ့ပြီးနောက် ယခုသီတင်းပတ်တွင် အီရတ်မှ စတင်ထွက်ခွာလျက် ရှိခဲ့ကြသည်။

ယင်းသို့ မတော်တဆ ယာဉ်တိုက်မှုဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့သဖြင့် လွန်ခဲ့သည့် မတ်လ ၂၀ ရက်မှစပြီး အီရတ်၌ စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၅၄၆ ဦး ရှိသွား ပြီဟုဆိုသည်။ အများဆုံး သေဆုံးသည်မှာ သမ္မတဘုရှ်က စစ်ပွဲပြီးကြောင်း ကြေညာခဲ့သည့် မေ ၁ ရက်နောက်ပိုင်း ဖြစ်သည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၂၁ ရက်က ဘာဆာရာမြို့တွင် တင့်ကားတစ်စီးနှင့် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နီပေါကလေးငယ်လေးသန်းကျော် ပိုလီယိုဆေး တိုက်ကျွေးပြီးကြောင်း ကြေညာ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၂

ရှစ်ကြိမ်မြောက် အမျိုးသားဆေးတိုက်ကျွေးနေ့၏ ဒုတိယအဆင့်အဖြစ်နီပေါနိုင်ငံအနှံ့တွင် အသက်ငါးနှစ်အောက် ကလေး၄ဒသမ၂၅သန်းကို စနေနေ့က ပိုလီယိုဆေးတိုက်ကျွေးကြောင်းကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။

စုရုံး

ကလေးငယ်များကို ပိုလီယိုဆေးတိုက်ကျွေးရန်အတွက် နိုင်ငံအနှံ့ရှိ ပိုလီယိုဆေးတိုက်ကျွေးရေးစခန်း ၃၉၃၂၈၌ ခရိုင်ကျန်းမာရေး ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်း ၅၀၀၀ ခန့်စုရုံးခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ တိုက်တွန်းချက်အရကမ္ဘာမှ ပိုလီယိုအကြောသေရောဂါဖယ်ရှားသုတ်သင်ရေးလုပ်ငန်း တစ်စိတ်တစ်ဒေသအဖြစ် လွန်ခဲ့သည့်ရှစ်နှစ်တွင် နီပေါနိုင်ငံ၌ ကာကွယ်ဆေးတိုက်ကျွေးသည့်နေ့ကို ဆောင်ရွက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အာကာသ၌ယာဉ်ပျက်စီးလျှင် အခြားယာဉ်တစ်စင်းအသင့်ရှိမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

နိုင်ငံတကာအာကာသစခန်းတွင် အာကာသယာဉ်မှူးများ သောင်တင်နေသည်ဖြစ်စေ၊ အာကာသယာဉ်တစ်စင်း ထိခိုက်ပျက်စီးခဲ့လျှင်ဖြစ်စေ ကယ်ဆယ်ရေးအဖွဲ့ အသုံးပြုရန် အခြားယာဉ်တစ်စင်းကို အသင့်ပြင်ဆင်ထားမည်ဖြစ်ကြောင်း၊ အာကာသယာဉ်ခရီးစဉ်များ ပြန်လည်စတင်ပါက ယခုကဲ့သို့ဆောင်ရွက်ထားမည်ဖြစ်ကြောင်း နာဆာတာဝန် ရှိသူများက ပြောကြားခဲ့သည်။

ဒုတိယအာကာသယာဉ်ကို ပစ်လွှတ်စဉ်တွင် ပြင်ဆင်ထားရန် မလိုအပ်ကြောင်း၊ ၄၅ ရက်မှ ရက်ပေါင်း ၉၀ အတွင်း ခရီးထွက်နိုင်ရန် အသင့်ပြင်ဆင်ထားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ ယင်းသည် စားနပ်ရိက္ခာ၊ အောက်စီဂျင်နှင့် အခြားထောက်ပံ့ရေးပစ္စည်းမကုန်ခန်းခင် အာကာသထဲ၌ အာကာသယာဉ်မှူး ခုနစ်ဦးနေထိုင်သော အချိန်ကာလကို လတ်တလော ခန့်မှန်းထားခြင်းဖြစ်သည်။ **(စီစီတီဗွီ)**

နိုင်ငံနှင့် လူမျိုးကို တိုင်းတစ်ပါးထိန်းချုပ်မှုအား ဆန့်ကျင် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရေးကိုသာ အီရတ်တို့လိုလား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

အီရတ်တို့အား အုပ်ချုပ်မှုလွှဲပြောင်းပေးရေးအတွက် အီရတ်လူမျိုးများ မျှော်လင့်ထားသည့်အတိုင်း မဖြစ်မြောက်နိုင်သေးသည့်အတွက် အီရတ်ပြည်သူများ၏ အနာဂတ်သည် သေချာရေရာမှုမရှိသေးဟု အီရတ်လူမျိုးအများစုက တွေးခေါ်လျက်ရှိပြီး တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပခြင်းအားဖြင့်သာ အီရတ်ပြည်သူများဘဝမှာ လိုအပ်နေသော ငွေကြေးအလုပ်အကိုင်နှင့် လုံခြုံမှုကို ရရှိလိမ့်မည်ဟု မျှော်လင့်နေကြသည်။ ထို့ကြောင့် အီရတ်တို့အား အုပ်ချုပ်မှုလွှဲပြောင်းပေးရေးကို ပြည်သူများ တောင့်တမျှော်လင့်နေခြင်း ဖြစ်သည်။

အမေရိကန်တို့က အီရတ်တို့ထံ အုပ်ချုပ်ရေး လွှဲပြောင်းပေးရေးကိစ္စသည် အီရတ်အများစုအဖို့ ပြဿနာတစ်ရပ်လိုဖြစ်နေကြောင်း သိရှိရသည်။ အီရတ်နိုင်ငံနှင့် အီရတ်လူမျိုးများကို တိုင်းတစ်ပါးက ထိန်းချုပ်ထားခြင်းကို ဆန့်ကျင်ကြောင်း၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကိုသာ မိမိတို့လိုလားကြောင်း၊ တိုက်ရိုက် ရွေးကောက်ပွဲ မကျင်းပနိုင်သေးကြောင်း ဆိုသည့် ကိုဖီအာနန်၏ ဆုံးဖြတ်ချက်သည် အီရတ်လူမျိုးများ၏ လုပ်ဆောင်ချက်ကို တစ်ဖက်စွန်းရောက်အောင် ပို့ဆောင်ပေးလိုက်သလိုဖြစ်နေကြောင်း အီရတ်ပြည်သူများကပြောကြားလျက်ရှိသည်။

ထင်မြင်

သို့ရာတွင် ရွေးကောက်ပွဲဖြစ်မြောက်ရေးကို လအနည်းငယ် ပို၍စောင့်ဆိုင်းရန် အီရတ်အများစုက လက်ခံနိုင်ဖွယ်ရှိသော်လည်း တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရန် အချိန်သည် ၎င်းတို့မျှော်လင့်ထားသည်ထက် ပိုမိုကြာမြင့်သွားမည်ဆိုလျှင် နောက်ထပ် ကတိစကားတစ်လုံးပျက်သွားပြန်သည်ဟု အီရတ်လူမျိုးများက ထင်မြင်နေကြသည်။

အမေရိကန်တို့ကျူးကျော်ဝင်ရောက်ပြီးနောက် တိုးတက်လာမည်ဟု ထင်မြင်ခဲ့သော ဆာဒါမြို့နေ ဒေသခံများကပင် မျှော်လင့်သလို ဖြစ်မလာကြောင်း ပြောကြားခဲ့ပြီး အီရတ်ပြည်သူများသည် အမေရိကန်တို့လက်ထဲ၌ ဂုဏ်သရေ ကင်းမဲ့စွာ ချုပ်နှိမ်ခံနေရပြီး လွတ်လပ်ရေးဆိုသည်လည်း မရှိတော့ကြောင်း၊ ၎င်းဒေသမှ အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မူတာဒါအယ်လ်ဆာဒါက ပြောကြားခဲ့သည်။ ဩဇာတိက္ကမကြီးမားသော အီရတ်ခေါင်းဆောင် စစ္စတာနီနှင့် ၎င်း၏ နောက်လိုက်များက အမေရိကန်တို့ စီစဉ်ထားသော ဒေသအလိုက်ရွေးကောက်ပွဲကျင်းပရေး အစီအစဉ်ကို စွန့်လွှတ်ရန် တိုက်တွန်းလျက်ရှိပြီး ကုလသမဂ္ဂ ကြားဝင်ဆောင်ရွက်ပေးရန် တောင်းဆိုလျက်ရှိသည်။

လူနေမှုဘဝ

အီရတ်ပြည်သူများကြားတွင် စစ္စတာနီ ဦးဆောင်ပြီးချမှတ်သည့်ဆုံးဖြတ်ချက်အတိုင်းလိုက်နာမည်ဟုပြောကြားလျက် ရှိကြောင်းနှင့် အီရတ်ပြည်သူအများစု လိုလားချက်မှာ လူနေ မှုဘဝ ပိုမိုတိုးတက်ကောင်းမွန်လာရေးပင်ဖြစ်ကြောင်းသိရသည်။ **(စီအင်န်အင်န်)**

ကင်းလှည့်

ဖေဖော်ဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် အမေရိကန်စစ်ယာဉ်တစ်စီး လုံခြုံရေးကင်းလှည့်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တာဝန်ပြီး၍ အိမ်ပြန်မည့် ကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်း ဘာလက်မြို့၌ လမ်းဘေးပုံးပေါက်ကွဲ၍ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရ

ဘာလက်ဒ် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံတွင် အခြေအနေတင်းမာသော နှစ်တစ်နှစ်ကို ကုန်လွန်ခဲ့ပြီးနောက် နေအိမ်သို့ပြန်ကြမည့် အမေရိကန်တပ်ဖွဲ့ဝင်များ တင်ဆောင်လာသောယာဉ်တန်းနှင့် လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးထက်မနည်းသည် ပုံးပေါက်ကွဲ ထိမှန်ခြင်းခံရသဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါယာဉ်တန်းသည် ဘဂ္ဂဒက်မြောက်ဘက် ၇၅ကီလိုမီတာ (၅၅မိုင်) ခန့်ရှိ ဘာလက်မြို့ တောင်ဘက်တွင် လမ်းဘေးပုံး ပေါက်ကွဲထိမှန်ခံခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာရရှိသော အမှတ် ၄ ခြေမြန်တပ်မမှ ယင်းတပ်ဖွဲ့ဝင်ကို ရဟတ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

အင်အား ၃၀၀၀၀ ရှိသော အိုင်းယွန်းဟော့စ်အထူးတပ်မှ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် တစ်နှစ်ကြာနေခဲ့ပြီးနောက် ဘဂ္ဂဒက်သို့ ဦးတည်ကာ တောင်-မြောက်ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီး တစ်လျှောက် ရန်သူ့နယ်မြေကို ဖြတ်သန်းစဉ် ယင်းသို့ လမ်းဘေးပုံးပေါက်ကွဲ ထိမှန်ခဲ့ခြင်းဖြစ်သည်။

ယင်းတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်သို့ ရောက်ရှိပြီးနောက် ကူဝိတ်သို့ ခရီးဆက်ကာ ထိုမှနေ၍ အမေရိကန်ပြည်ထောင်စုသို့ ပြန်ကြမည် ဖြစ်သည်။ **(အင်တာနက်)**

ဆေးလိပ်မသောက်ရေးလှုပ်ရှားမှု ဆီနီဂေါနိုင်ငံတွင် ဆောင်ရွက်

ဒါကာ ဖေဖော်ဝါရီ ၂၁

ကမ္ဘာပေါ်၌ ဆေးလိပ်သောက်သုံးမှုကြောင့် နှစ်စဉ် လူငါးသန်းခန့် သေဆုံးရလျက်ရှိပြီး ၂၀၃၀ ခုနှစ်မှာ သေဆုံးသူဦးရေ ဆယ်သန်းခန့် ရှိလာနိုင်ကြောင်း သိရသည်။ ဆေးလိပ်ကို အနောက်နိုင်ငံကြီးများမှ ကုမ္ပဏီကြီးများက ထုတ်လုပ်ပြီး အဆိုပါနိုင်ငံကြီးများ၌ ၄ ရာခိုင်နှုန်းကိုသာ ရောင်းချခြင်းဖြစ်ပြီး ကျန်၉၆ ရာခိုင်နှုန်းကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တင်ပို့ရောင်းချခြင်း ဖြစ်သည်။

ဆီနီဂေါနိုင်ငံ ဒါကာမြို့ရှိ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသူ ကျောင်းသားများသည် ဆေးလိပ်မသောက်ရေးလှုပ်ရှားမှုတစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြသည်။ ပြီးခဲ့သော သီတင်းပတ်ကလည်း ဒါကာမြို့ လမ်းမများပေါ်တွင် ဆေးလိပ်မသောက်ရေး ချီတက်ပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

ဖေဖော်ဝါရီ ၂၁ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသို့သတင်းအပြည့်အစုံမပေးခဲ့ကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ဝန်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

တရားမဝင်လက်နက်များကို စစ်မဖြစ်ခင်က သိမ်းဆည်းသိုလှောင်ထားသည်ဟု အကြီးအကျယ်သင်္ကာမကင်းဖြစ်ခဲ့သော ဒေသအချို့နှင့်ပတ်သက်သည့် သတင်းကို ကုလသမဂ္ဂအား မပေးခဲ့ကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)က ဝန်ခံလိုက်သည်ဟု နယူးယောက်တိုင်းမ်က စနေနေ့၌ သတင်းဖော်ပြသည်။ တရားမဝင်လက်နက်များကို သိမ်းဆည်းသိုလှောင်ထားသည်ဟု အကြီးအကျယ် သင်္ကာမကင်း ဖြစ်သောဒေသများအဖြစ် စစ်မဖြစ်ခင်က အမေရိကန် ထောက်လှမ်းရေး၌ဖော်ထုတ်ခဲ့သည့် ဒေသ ၁၀၅ခုအနက် ၂၁ခုသည် ထိုဝန်ခံချက်၌ ဖော်ပြပါရှိသည်။ ယင်းဝန်ခံချက်သည် ဇန်နဝါရီ ၂၀ရက်၌ မီချီဂန် ပြည်နယ်မှ ဒီမိုကရက် အထက်လွှတ်တော်အမတ် ကားလ်လီဗင်ထံ ပေးပို့သည့်စာ၌ပါရှိရာ ဘုရှ်အစိုးရ၏ ထိပ်တန်းအရာရှိများက စစ်မဖြစ်မီ၌ လူထုသို့ ထုတ်ပြန်ပေးသော ကြေညာချက်များနှင့် ဝိရောဓိဖြစ်နေသည်။

လက်နက်ရှာဖွေရာတွင် ဒေသများအားလုံးနှင့် ပတ်သက်၍ ကုလသမဂ္ဂ စစ်ဆေးသူများကို အမေရိကန်ပြည်ထောင်စုက အကျဉ်းချုံးပြောပြခဲ့ကြောင်း စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ဂျ်တီနက်နှင့် ကွန်ဒိုလီဇာရိုက်စ်တို့ နှစ်ဦးစလုံးက ပြောကြားခဲ့သည်။ စီအိုင်အေ၏ ဝန်ခံချက်သည် ကားလ်လီဗင်က လွန်ခဲ့သည့် တစ်နှစ်ကျော်ကပင် ကုလသမဂ္ဂအနေဖြင့် လက်နက်ရှာဖွေရေးလုပ်ငန်းကို အီရတ်၌ အပြည့်အဝဆောင်ရွက်ပြီးကြောင်း အမေရိကန်သမ္မတဘုရှ်၏ အစိုးရသည် အမေရိကန်ပြည်သူများအား အယုံသွင်းလိုခြင်းကြောင့် သတင်းကိုထိန်ချန်ထားသည်ဟု မိမိယုံကြည်ကြောင်း ပြောကြားခဲ့သဖြင့် ယခုကဲ့သို့ ဝန်ခံမှုပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ရုရှားနိုင်ငံ၏ ဒုံးပျံစနစ်သစ် အမျိုးသားကာကွယ်ရေးကို အာမခံနိုင်

မော်စကို ဖေဖော်ဝါရီ ၂၁

ရုရှားနိုင်ငံက ပြုလုပ်ခဲ့သော နောက်ဆုံးစစ်ရေးလေ့ကျင့်မှုတွင် စမ်းသပ်ခဲ့သည့် ဒုံးပျံစနစ်သစ်သည် ရုရှားနိုင်ငံ၏ ရေရှည်အမျိုးသားလုံခြုံရေးကို အာမခံချက်ပေးနိုင်စွမ်းရှိသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီအီဗာနော့က သောကြာနေ့၌ ပြောကြားလိုက်သည်။

ယင်းဒုံးပျံစနစ်သစ်သည် လက်ရှိကမ္ဘာ့အဆင့်နှင့်ယှဉ်ရာတွင် နည်းပညာပိုင်းအားဖြင့် တိုးတက်မှုရှိပြီး ရေရှည်ကမ္ဘာ့လုံခြုံရေးကို ကာကွယ်ရာတွင် အထောက်အကူပြုမည်ဟု ဝန်ကြီးကပြောဆိုသည်။

ဒုံးပျံစနစ်နှင့်ပတ်သက်၍ အီဗာနော့က အကျယ်ချဲ့မပြောဆိုသော်လည်း ရုရှားအဆင့်မြင့်အရာရှိ တစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရုရှားနိုင်ငံသည် လက်နစ်သစ်တစ်ခုကို အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း၊ယင်း လက်နက်သစ်သည် မည်သည့်ဒုံးပျံကာကွယ်ရေးကိုမဆို ထိုးဖောက်နိုင်ကြောင်း ပြောဆိုသည်။ ရုရှားနိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုသည် ပြည့်ပြည့်စုံစုံမပြီးသေးသော်လည်း ရည်မှန်းချက်ပေါက်မြောက် ခဲ့ကြောင်း၊ ရုရှားနိုင်ငံ၏အမျိုးသားလုံခြုံရေးမှာ စိတ်ချရကြောင်း အီဗာနော့က ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

စိုက်ပျိုးရေးအားနည်းသည့် ဒေသဖြစ်သော်လည်း စိုက်ပျိုးရေရရှိရေးအတွက် ဒေသတွင်းရှိပုဂ္ဂိုလ်များကနည်းလမ်းများ ရှာကြံပြီး တိုးတက်လာအောင် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နည်းလမ်းရှာဖွေလုပ်ဆောင်

နိုင်ငံတော်အကြီးအကဲက ပခုက္ကူမြို့ကို ဧရာဝတီမြစ်၏ အနောက်ခြမ်းမြို့တော်ဖြစ်ရေး၊ ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူများလူနေမှုဘဝ မြင့်မားလာနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရန် မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများ၊ဆည်တမံများ တည်ဆောက်ပေးလျက် ရှိကြောင်း၊ ဤသည်မှာ သဘာဝအရင်းအမြစ်များကို လူ့စွမ်းရည်ဖြင့် တီထွင်ကြံဆပြီး နည်းလမ်းရှာဖွေလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပခုက္ကူဒေသအတွင်း လိုအပ်သည့်နေရာများတွင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ အဆင့်မြင့်ပညာ သင်ယူနိုင်ရေးအတွက် ပခုက္ကူ ဒီဂရီကောလိပ်ကိုလည်း တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ယနေ့နံနက်ပိုင်းကပင် ပခုက္ကူ တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့ကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ခုတင် (၂၀၀)ဆံ့အထူးကုဆေးရုံကြီး အဖြစ်တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း။

ထို့ပြင် ဤဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပေါ်ပေါက်လာစေရေးအတွက် ပခုက္ကူ ချည်မျှင်နှင့်အထည်စက်ရုံနှင့်ဆေးဆိုးပန်းရိုက်စက်ရုံများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် ရထားလမ်း၊ ကားလမ်းများလည်းဖောက်လုပ်ပေးထားကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်အနေဖြင့် နယ်စပ်အစွန်အဖျားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ပေးနေသည့်အပြင် တစ်နိုင်ငံလုံးကွက်လပ်မကျန်မျှတစွာဖွံ့ဖြိုးမှုများရရှိစေရေး အထူးဇုန်ကြီးများ သတ်မှတ်ပေးပြီး ကွက်လပ်မကျန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကဏ္ဍအလိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသအစွန်အဖျားဒေသများအပြင် အတွင်းပိုင်းဖြစ်သော ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးခုချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ကိုလည်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် စီမံခန့်ခွဲရေးယန္တရားအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ရာ မိမိတို့၏စီမံခန့်ခွဲရေး ယန္တရားကို မှန်မှန်ကန်ကန်နှင့် သွက်သွက်လက်လက် လည်ပတ်သွားကြရန်လိုကြောင်း။

ဗဟိုက ချမှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးယန္တရားအဆင့်ဆင့်က တာဝန်ကျေပွန်စွာဖြင့် လုံ့လဝီရိယစိုက်ထုတ်ပြီး စေတနာပေါင်းစပ်ကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူများလူနေမှုဘဝမြင့်မားရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့မှတစ်ဆင့် ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာသို့ ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ထို့နောက် မကွေးတိုင်း ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အေးချမ်းဖြိုးကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ကျောင်းမြေပေးအပ်လှူဒါန်းပွဲ၊ ပညာခေတ် ကျောင်းဆောင် အခါတော်တိုင်ထူမင်္ဂလာပွဲနှင့် စက်ရေတွင်းဖွင့်ပွဲကို အဆိုပါကျောင်းပရဝဏ်အတွင်းရှိ သက်ဆိုင်ရာနေရာအသီးသီး၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာခြောက်ထပ်ကျောင်း ဆရာတော် ဂဏဝါစကနယဒေသက (ဥပဒေဝိဓူာဘွဲ့ရ) ဘဒ္ဒန္တပညိန္ဒအမှူးပြုသော ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းထိုင်ဆရာတော်များကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊

ဆက်လက်၍ နိုင်ငံတော်က ပံ့ပိုးငွေကျပ် ၅၅သိန်း၊ အများပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် ၁၀၅ သိန်း အကုန်အကျခံ တည်ဆောက်ထားသည့် အလျားပေ ၂၇၀၊ အနံပေ ၃၀ရှိ အေးချမ်းဖြိုးကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် မကွေးတိုင်းအေးချမ်းသာ

ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူအား ပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်

စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အဖြစ်များသော ရောဂါများ ကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေး ဆောင်ရွက်နေမှု၊ ကျေးလက်သန့်ရှင်းသောရေရရှိမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

လက်တွေ့ကျကျဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကို (၁၆)ခုတင်မှ (၂၅) ခုတင်အဆင့်တိုးမြှင့်ပေးပြီးကျေးလက်၌ အဖြစ်များသောရောဂါများ ကြိုတင်ကာကွယ်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျေးလက်ဒေသ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မြို့နယ်ကျန်းမာရေးကော်မတီကဦးဆောင်ပြီး မိမိ မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက် ဒေသဆင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး

ကျောင်းသား ကျောင်းသူနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျပ်ပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ပညာခေတ် ကျောင်းဆောင် မင်္ဂလာအခါတော်တိုင် စိုက်ထူခြင်း အခမ်းအနားကိုကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက မင်္ဂလာအခါတော်တိုင်ကို စိုက်ထူပေးသည်။

အမွှေးနံ့သာများပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခါတော်တိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော ကျပ်ပြည့် ကျေးရွာစက်ရေတွင်းဖွင့်ပွဲကို အဆိုပါ စက်ရေတွင်းရှေ့၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖော်မင်း တို့က ဖဲကြိုးဖြတ်၍ စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် စက်ရေတွင်းကို ကြည့်ရှုကြသည်။

ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ကျောင်းဆောင်သစ်ရှေ့၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် အိမ်တွင်းမှုခန်းနှင့် Audioခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် မန္တလေးမြို့ စကုတိုက် အောင်မင်္ဂလာ ခြောက်ထပ်ကျောင်း ဆရာတော်ဘဒ္ဒန္တပညိန္ဒနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျပ်ပြည့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်း အဆင့် တိုးမြှင့်ပေးပြီး ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့သို့ ရောက်ရှိကြရာ ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆိပ်ဖြူပြည်သူ့ဆေးရုံ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာကံလှိုင်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှု၊ ဆောင်ရွက်မှု အခြေအနေများကို မေးမြန်းသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာကံလှိုင်နှင့်ကျန်းမာရေးမှူးများ၊ ကျေးလက်ကျန်းမာရေး ဆရာမများက မြို့နယ်၏ ကျန်းမာရေး

ပခုက္ကူမြို့နယ် ကျပ်ပြည့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အေးချမ်းဖြိုး ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ဆိပ်ဖြူမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Visual Room, Learning Centre, Computer Skills Room, Language Lab, Computer Aided Instruction Room, Study Room နှင့် ရသအနုပညာ (ပန်းချီ)ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။ *စာမျက်နှာ ၇ ကော်လံ ၁*

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❒ ကျောဖုံးမှ

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပခုက္ကူပညာရေးကောလိပ်မှ လက်ထောက်ကထိက ဒေါ်နုနုလွင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် နည်းပြဒေါ်ချိုချိုဝင်းက ဆောင်ရွက်သည်။

နှစ်စဉ်မပျက်ရွေးချယ်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ဆရာကြီးပခုက္ကူဦးအုံးဖေ၏ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသည့် ဖြူစင်မွန်မြတ်သော မေတ္တာစေတနာနှင့် အမျိုးသားစာပေ တိုးတက်ထွန်းကားရေးအတွက် ထားရှိသည့် ထက်သန်မြင့်မားသော စေတနာသဒ္ဓါတရားတို့က ပေါက်ဖွားလာခဲ့သည့် ပခုက္ကူ ဦးအုံးဖေ စာပေဆုများနှင့်ပညာရည်ချွန်ဆုများကို နှစ်စဉ်မပျက် ထိုက်တန်စွာ ရွေးချယ်ချီးမြှင့်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၁)ကြိမ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။

ဖော်ညွှန်းပြသ

ယခုကဲ့သို့ (၁၁)နှစ်မြောက်ခဲ့သည်အထိ ပခုက္ကူဦးအုံးဖေစာပေဆုများနှင့် ထိုက်တန်သော အနုပညာမြောက်သော တိုင်းကျိုးပြည်ဆောင် စာကောင်းစာပေမွန်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ထူးချွန်ဆုများနှင့် ထိုက်တန်သော ပညာရည်ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေခြင်းသည်လည်း ဆရာကြီးပခုက္ကူဦးအုံးဖေနှင့်တကွ တစ်မျိုးသားလုံး၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များဖြစ်သည့် အမျိုးသားစာပေဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားပညာရည်မြင့်မားမှု အကျိုးရလဒ်ကောင်းများ အရှိန်အဟုန်ဖြင့် တိုးပွားဖြစ်ထွန်းနေမှုကို ဖော်ညွှန်းပြဆိုလျက်ရှိပါသည်ဟုပထမဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့၏ထူးခြားလေးနက်သည့် အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားယဉ်ကျေးမှု အနှစ်သာရတို့နှင့် စုံလင်ပြည့်ဝသော အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် ခံ့ခံ့ထည်ထည်၊ ထည်ထည်ဝါဝါဖြစ်ထွန်းနေခြင်းမှာ မြန်မာလူမျိုးများအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေးဂုဏ်ဒြပ်တစ်ရပ်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် စွမ်းရည်ထက်မြက်မြင့်မားသော အမျိုးသားရေးစွမ်းအားတစ်ရပ် ထုထည်ပမာဏကြီးမားခိုင်ခံ့စွာ ဖြစ်ထွန်းတည်ရှိနေခြင်းလည်းဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့ အလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် မိမိတို့၏ အမျိုးသားရေးစွမ်းအားစုများ၏ ကိုယ်ပိုင်စွမ်းပကားကိုအားပြုပြီး ကိုယ့်အား

စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေက ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာပေဆု ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကိုယ်ကို ကိုယ့်နိုင်ငံကိုယ်ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါကာလဖြစ်ကြောင်း။

ကာကွယ်စောင့်ထိန်း

ထို့အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ကံကြမ္မာကို အမျိုးသားရေးအကျိုးစီးပွားအဖြစ် ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်နှင့် နိုင်ငံတကာ့အလယ်၌ စည်းလုံးညီညွတ်သော၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် ဆန့်ကျင်ဟန့်တားမှု၊ သွေးခွဲသပ်လျှိုမှု၊ ဩဇာပေးစွက်ဖက်မှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ အနှောင့်အယှက် အဟန့်အတား အဖုံဖုံကို ရင်ဆိုင်တွန်းလှန်ရင်း မိမိတို့၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာတို့ကို အမျိုးသားရေးစွမ်းပကားဖြင့် ကာကွယ်စောင့်ထိန်းနေရချိန်လည်း ဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် အမျိုးသားစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားစာပေ၏ အစဉ်အလာကြီးမားသော စွမ်းပကားကို ထိုက်တန်စွာအသုံးချပြီး အမျိုးသားရေးနိုးကြားမှု၊ အမျိုးသားရေးအမြင်ကြည်လင်ထက်သန်မှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်မြက်မြင့်မားမှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မှသာ ယနေ့အလွန်လိုအပ်လျက်ရှိသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားကို ပြည့်ဖြိုးခိုင်မာစေမည်ဖြစ်ကြောင်း။

အဘက်ဘက်ကအားပေး

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစာပေ၏ ထက်မြက်သော စွမ်းပကားနှင့်အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်မြှင့်တင်ပေးနိုင်မှုတန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမျိုးသားရေး ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့်အပြင် အမျိုးသားရေးကိုယ်ခံစွမ်းအားများကို အခိုင်အမာတည်ဆောက်ပေးနိုင်မည့် အမျိုးသားစာပေအဆောက်အအုံကြီးတစ်ရပ်တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါဖြစ်ထွန်းခိုင်မာနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်မြှင့်တင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့် အတူစာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများအနေဖြင့် အနှစ်သာရရှိသောစာကောင်းပေမွန်များကို စာပေစေတနာအပြည့်အဝထားရှိပြီး အပတ်တကုတ် ပြုစုရေးသားနေမှု၊ စာပေဝါသနာရှင်များ၏ စာပေကိုလေးစားမြတ်နိုးလေ့လာလိုက်စားမှုများတိုးပွားနေမှုတို့အပြင် နိုင်ငံတော်နှင့်တကွ ဆရာကြီးပခုက္ကူဦးအုံးဖေတို့ကဲ့သို့သော စာပေစေတနာရှင်များ၏ မြေတောင်မြှောက်အားပေးနေမှုတို့ပေါင်းစည်းနိုင်မှုကြောင့်မြန်မာစာပေသည်ထုထည်ပမာဏကြီးမားခိုင်ခံ့စွာ၊ အမျိုးသားရေးအနှစ်သာရ ပြည့်ဝနက်ရှိုင်းစွာဖြင့် အားကောင်းမောင်းသန် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

တစ်မျိုးသားလုံးဂုဏ်ယူ

ယနေ့မြန်မာစာပေ နယ်ပယ်ကြီးသည် အရောင်အသွေးစုံလင်သော ပန်းမာလာမျိုးစုံဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးသဖွယ်စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများနှင့် မျိုးဆက်သစ်စာရေးဆရာများ ပြုစုဖွဲ့ဆိုသည့် အမျိုးသားရေးအကျိုးပြုသုတရသစာပေများစွာတို့အစီအရီအပြိုင်းအရိုင်းအင်နှင့်အားနှင့်ပေါ်ထွန်းလျက်ရှိနေပြီဖြစ်သကဲ့သို့ ဤပေါ်ထွန်းလာနေသည့် စာပေများသည်လည်း အလင်္ကာမြောက်သည့် စာပေအဖွဲ့အနွဲ့၊ ဂန္ထဝင်မြောက်သည့်စာပေအရေးအသား၊ လေးနက်ခိုင်မာသည့် အမျိုးသားရေးအတွေးအမြင်၊ တည်ကြည်ခိုင်မြဲသည့် အမျိုးသားရေးရပ်တည်ချက်တို့ဖြင့် ပြည့်ဝစုံလင်သော အဆင့်အတန်းမြင့်မားသောစာကောင်းပေမွန်များဖြစ်နေသည်မှာတစ်မျိုးသားလုံးအတွက် များစွာဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးတိုးတက် ရှင်သန်ကြီးထွားနေသည့် အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အစိုးရက ဦးဆောင်ချီးမြှင့်နေသည့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားရေးဆောင်ပုဒ်ဆိုင်ရာစာပေဆု၊ နေ့ထူးနေ့မြတ်

ဆုရရှိကြသူများကိုယ်စား ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီးဒေါ်ရင်ရင်(ဓာမုံညင်း)၏ ကျေးဇူးတင်စကားကို ၎င်း၏ကိုယ်စား စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ဖတ်ကြားစဉ်။ (သတင်းစဉ်)

များအထိမ်းအမှတ်စာပေပြိုင်ပွဲဆုများအပြင် ပုဂ္ဂလိကကဏ္ဍ၌ ပေါ်ထွန်းလာသည့်ဆရာကြီးပခုက္ကူဦးအုံးဖေစာပေဆုတို့ကဲ့သို့သော အားပေးချီးမြှင့်မှုများသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်၊ အဆင့်အတန်းနှင့် အရည်အသွေးတို့ကို အကျိုးရှိထိရောက်စွာ မြှင့်တင်ပေးနိုင်လျက်ရှိသည့်အပြင် မြန်မာစာပေ၏အမျိုးသားရေးအနှစ်သာရဖော်ဆောင်နိုင်မှု၊ တိုင်းကျိုးပြည်ဆောင်အမျိုးသားရေးအားမာန်နှင့်ပြည့်ဝမှုစသော ဂုဏ်ရည်များကိုပါ ပိုမိုမြင့်မားတောက်ပြောင်စေမှာဧကန်အမှန်ပင်ဖြစ်ကြောင်း။

စာပေအစဉ်အလာကောင်း

အထူးသဖြင့် အမျိုးသားရေးစာပေဆုနှင့် ပခုက္ကူ ဦးအုံးဖေစာပေဆုတို့မှ ရွေးချယ်ချီးမြှင့်နေသည့် "တစ်သက်တာ စာပေဆု" များသည် မိမိတို့၏ ဘဝတစ်သက်တာကို စာပေနယ်ပယ်၌ စွန့်လှူမြှုပ်နှံပြီး စာပေဖြင့်မွေ့လျော်ကာ စာပေစွမ်းပကားနှင့် အမျိုးသားရေး အကျိုးစီးပွားကို အစဉ်တစိုက် သယ်ပိုးထမ်းရွက်လျက်ရှိကြသည့် စာပေပညာရှင်ကြီးများကို ထိုက်တန်စွာ ဖော်ထုတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ် လူငယ်စာပေပညာရှင်များအတွက် အားကျစရာ အတုယူဖွယ် စာပေအစဉ် အလာကောင်းများကို ထင်ရှားစွာ ဖော်ထုတ်ပြဆိုပေးခြင်းလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပခုက္ကူဦးအုံးဖေ စာပေဆုနှင့်ယှဉ်တွဲပြီး စာပေပညာ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လူငယ်ကျောင်းသူကျောင်းသားများအတွက် ပညာရည်ချွန်ဆုများ၊ ပညာသင်ဆုများနှစ်စဉ်မပျက် ချီးမြှင့်နေခြင်းသည်လည်း တိုင်းပြည်အတွက် လိုအပ်နေသည့် စာပေဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော အခန်းကဏ္ဍက ဖြည့်ဆည်းပေးနေခြင်း ဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယခုတစ်ဖန် ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်ကို ရောက်ရှိလာသည့် စာပေလက်ရာများထဲမှ ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုကို တီထွင်ချီးမြှင့်ခြင်းသည်လည်း စာပေ အနုပညာရှင်များအတွက်သာမက စာပေလိုက်စားသူ မျိုးဆက်သစ်လူငယ်များအတွက်ပါ အကျိုးပြုစေမှာ အမှန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

အမိပြည်ထောင်စု၏ရွှေခေတ်သို့

၁။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
ပြည်ကြီးကျက်သရေ၊ အမိမြေကား
သွေးသားရင်းချာ၊ 'ဗမာ၊ ကရင်'
'ကချင်'ချစ်ကျွမ်း၊ 'မွန်၊ ရှမ်း၊ ရခိုင်'
တူပြိုင်သက်နှင်း၊ 'ချင်း'အမြဲတေ
မသွေ'ကယား'၊ စိတ်ထားတူညီ
ဤပြည်ထောင်စု၊ ညီနောင်ထုလျှင်
အသွင်အနှစ်၊ ဆန်းစစ်အမွေ
'မျှဝေပေါင်းလုံ၊ ပင်လုံစိတ်ထား'
ရင်းခံထားကြ။

၂။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
တစ်နည်းမှတ်ယူ၊ ဤဇမ္ဗူတွင်
စံပြလူ့ဘောင်၊ ထူထောင်ကာသွား
ဘိုးဘွားစဉ်ဆက်၊ တွဲလက်မဖြုတ်
အချုပ်အခြာ၊ ပြည်ရွာကိုထိန်း
မယိမ်းမယိုင်၊ သစ္စာတိုင်တည်
ဆုပန်ရွယ်ငြား၊ စဉ်လာအားတည့်။

၃။ ပြည်ထောင်စုဟု၊ ပေါင်းစုဖွဲ့စည်း
ပြည်ကြီးကျက်သရေ၊ အမိမြေ၌
စနစ်နှင့်ခေတ်၊ အသစ်အဟောင်း
မည်သို့ပြောင်းလည်း၊ အကြောင်းရင်းခံ
တို့သဏ္ဌာန်တွင်
အရေးကြီးက၊ သွေးနီးကြ၏။
အရေးကြုံက၊ သွေးဆုံကြ၏။
အရေးရှိက၊ သွေးညီကြ၏။
ကောင်းဘိစဉ်လာ၊ ညီညာတွဲလက်
စဉ်ဆက်သမိုင်း၊ အနှိုင်းမဲ့ဖြစ်
မော်ကွန်းစစ်၍၊ ထွန်းသစ်နိုင်ငံ
ထူရန်ရွယ်ထား၊ တို့သွေးသားတည့်။

၄။ အောင်မြေစခန်း၊ ရှေ့ဆက်လှမ်းရန်
လမ်းစဉ်ခုနစ်ရပ်၊ ကြေညာအပ်၍
ချမှတ်ထင်ရှား၊ ပြဋ္ဌာန်းထား၏
မနားမနေ၊ ချိုလေ့ညီစေ
မနေမနား၊ တို့များလျှောက်လှမ်း
လှမ်းစို့တူပြိုင်၊ တို့ပန်းတိုင်ကို
ဆုပ်ကိုင်မိမိ၊ ကမ္ဘာသိကြွေးကြော်
အရေးတော်ကို
တွေးခေါ်လက်တွေ့ ပေါင်းစပ်မည်။ ။

ဗလမင်းထင်

စာမျက်နှာ ၆ မှ

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က မြို့နယ်၏ဆက်သွယ်ရေးလုပ်ငန်း အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်နေမှု၊ ကျေးလက်သောက်သုံးရေရရှိမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခြေခံပညာ အထက်တန်းကျောင်းခွဲတစ်ကျောင်းကို အထက်တန်းကျောင်း အဖြစ်လည်းကောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းကို အလယ်တန်းကျောင်း အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အဖွဲ့ ပခုက္ကူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကိုဆောင်ရွက်ပေးရန်လာရောက်ကြခြင်းဖြစ်ကြောင်း၊ ပခုက္ကူခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆိပ်ဖြူမြို့နယ်အနေဖြင့် ဧရာဝတီမြစ်ကူးအနော်ရထာတံတား တည်ဆောက် ဖွင့်လှစ်ပေးထားပြီးဖြစ်၍ ဧရာဝတီအရှေ့ခြမ်းနှင့် လွယ်ကူစွာကူးသန်းသွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရရှိနေနိုင်ပြီဖြစ်ကြောင်း။

ဤဒေသသည် ရေရှားပါးသည့်ဒေသဖြစ်သည့်အလျောက် နိုင်ငံတော်က ရေရရှိရေး အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသနေပြည်သူများလူနေမှုဘဝမြင့်မားရေးတို့အတွက် ရရှိလာသည့် အခြေအနေကောင်းများကို ပြည်သူများပြည့်ပြည့်ဝဝရရှိခံစားနိုင်ကြစေရန် စေတနာအားထည့်ပြီး ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

တက်ညီလက်ညီဆောင်ရွက်

မြို့နယ်များတွင် ကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းထားပြီး ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့မြို့နယ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပေါင်းစပ်ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံကိုကိုကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် ကဗျာ ပေါင်းချုပ်တတိယဆုရ "အတွေ့အမြင်နှင့် အတွေးအမြင်ကဗျာများ" ရေးသားသူ ရွှေဟသာ (မန္တလေးတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတေသနစာပေ တတိယဆုရ "ထာဝရတည်မြဲသောစွမ်းအင်"ရေးသားသူ ရွှေနဂါးတင်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြန်မာစာ ထူးချွန်ဆုရရှိသော ဒဂုံတက္ကသိုလ်မှ မဇင်ညိမ်းထက်အားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စောထွဋ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယနေ့ အချိန်အခါသည် သိပ္ပံနှင့် နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေမှုကြောင့် ကမ္ဘာ့ နိုင်ငံအများဆက်စပ်ယှက်နွယ်ပြောင်းလဲ ဖြစ်ပေါ်နေသည့် အခြေအနေကို ခနအင်အားအရ၊ နည်းပညာအရ အသာစီး ရရှိနေသည့် နိုင်ငံကြီးများက အခွင့်ကောင်းယူအသုံးချပြီး အစွမ်းထက်သော မီဒီယာလမ်းကြောင်းများကတစ်ဆင့် ၎င်းတို့၏ အနောက်တိုင်းပုံစံ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် လူနေမှု စနစ်များကို မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထိုးဖောက်လွှမ်းမိုး သွတ်သွင်းလျက်ရှိရာတွင် လူငယ်များကို အဓိကပစ်မှတ်များအဖြစ်ထားရှိ လုပ်ဆောင်နေကြသည်ကို အသိဉာဏ်ဖြင့် ယှဉ်ပြီးကြည့်လျှင် မြင်ကြမှာ အမှန်ပင်ဖြစ်ကြောင်း။

အမျိုးသားစာပေ

ခေတ်မီဆန်းသစ်ပြီး စွမ်းအားကြီးမားသော မီဒီယာ လက်နက်များကို ငွေကြေးသန်းပေါင်းများစွာ ကျခံအသုံးပြုပြီး မိမိတို့၏ မျိုးဆက်သစ်လူငယ်များကို ၎င်းတို့၏ အနောက်တိုင်းဓလေ့ အတွေးအခေါ် အယူအဆများ၊ အကျင့်စရိုက်များ၊ လူမှုနှုန်းစံများ၌ သာယာမိန်းမူး မွေ့လျော်လာစေအောင်၊ အမျိုးသားရေး အတွေးအမြင်ချွတ်ချော် တိမ်းပါးအောင် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြသည့် အချိန်အခါတွင် မိမိတို့၏ အဆင့်အတန်း မြင့်မားသော အမျိုးသား ယဉ်ကျေးမှု၊ သိမ်မွေ့ နက်ရှိုင်းသည့် အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အမျိုးသားရေးအကျိုးစီးပွားလိုအပ်ချက်များကို မျိုးဆက်သစ်လူငယ်များ သိမြင်နားလည်ပြီး လေးစားမြတ်နိုးလာစေရေးအတွက် စေ့ဆော်ပေးရာတွင် အစဉ်အလာ ကြီးမားပြီး စွမ်းရည်ထက်မြက်လှသည့် အမျိုးသားစာပေ၏ စွမ်းပကားကိုသာ အားထားကြရမည်ဖြစ်ကြောင်း။

မျိုးဆက်သစ် လူငယ်များ အပါအဝင် မိမိတို့ နိုင်ငံသူနိုင်ငံသားပြည်သူများ အားလုံး၏ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် အစဉ်ထာဝရ နိုးကြားတက်ကြွနေစေရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာပေ၊ အမျိုးသားအနုပညာရပ်များအားလုံးက အမြဲမပြတ်နှိုးဆော်ဦးဆောင် လမ်းပြနေကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

လက်တွဲတည်ဆောက်

တိုင်းရင်းသားပြည်သူများအားလုံး၏ ရင်ထဲနှလုံးသားထဲ၌ မျိုးချစ်စိတ်ဓာတ်အမွေခံကောင်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်အစဉ်အလာကောင်းများ၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရအောင် အမျိုးသားစာပေ၊ အမျိုးသားအနုပညာရပ်တို့၏ စွမ်းပကားဖြင့် တစ်မျိုးသားလုံးက လက်တွဲတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ မိမိနိုင်ငံ မိမိ လူမျိုးတိုးတက်ကြီးပွားစေရေး၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားစွာဖြင့် နိုင်ငံတကာနှင့် တန်းတူရည်တူရပ်တည်နိုင်စေရေးနှင့် အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက် ကာကွယ်မြှင့်တင်ပေးနိုင်ရေးတို့အတွက် အမျိုးသားရေးအားမာန်၊ အမျိုးသားရေး စွမ်းအားများ တိုးပွားခိုင်ခံ့လာစေရအောင် စာပေစွမ်းပကားဖြင့် ထောက်ကူပေးကြရန် အမြဲ လိုအပ်နေမည်ဖြစ်ကြောင်း။

စည်းရုံးဦးဆောင်

နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များ မိမိနိုင်ငံအတွင်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာ အဆင့်မီ လူ့စွမ်းအား အရင်းအမြစ်များစဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းစေရေး၊ မိမိနိုင်ငံသူ နိုင်ငံသားများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားစေရေး၊ မှန်ကန်သည့်အသိအမြင်ဗဟုသုတတိုးပွားခိုင်ခံ့စေရေး၊ အမှန်တရားကို ထိုးထွင်းသိမြင်နိုင်ရေး စသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသိပညာဗဟုသုတပေးမှု၊ ဝေဖန်ပိုင်းခြားတတ်အောင် ပညာပေးမှု၊ စည်းရုံးဦးဆောင်မှုများကို စာပေစွမ်းပကားဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နှစ်ပေါင်းထောင်ချီရှည်လျားခိုင်မာသော မြန်မာ့ယဉ်ကျေးမှုသမိုင်းစဉ်တစ်လျှောက်၌ မိမိတို့ဘိုးဘွားဘီဘင်များ လက်ဆင့်ကမ်းအမွေခံထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် နက်နဲသိမ်မွေ့သော အမျိုးသားရေးတန်ဖိုး၊ အမျိုးသားရေး နှုန်းစံများ၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျက်ယွင်းမတိမ်းပါးစေဘဲ ဤဘိုးမွေဘမွေယဉ်ကျေးမှု အမွေအနှစ်များအပေါ်၌ အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံးလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်ကာလလည်းဖြစ်ကြောင်း။

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် ခေတ်မီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းသွားရမည့် မူဝါဒလမ်းစဉ်ကြီး (၇)ရပ်ကိုလည်း ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

တစ်တပ်တစ်အားပါဝင်

ထို့ကြောင့် အမျိုးသားရေးပန်းတိုင်သို့ အောင်မြင်စွာချီတက်လျှောက်လှမ်းရောက်ရှိနိုင်စေရေးအတွက် စာပေပညာရှင်များ၊ စာရေးဆရာကြီးများကလည်း သမိုင်းအစဉ်အလာကြီးမား ထွန်းပြောင်ခဲ့သည့် မြန်မာစာပေ၏စွမ်းပကားဖြင့် တိုင်းရင်းသားအားလုံးပါဝင်သည့် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်စွမ်းအားကိုစေ့ဆော်မြှင့်တင်ပေးရင်းတစ်တပ်တစ်အားပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာစာဆိုပညာရှိကဝိများ၊ စာပေပညာရှင်ကြီးများ သမိုင်းအစဉ်အဆက် ပြုစုထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် အမျိုးသားစာပေပင်စည်ကြီးကို မိမိတို့လက်ထက်တွင် ပိုမိုခိုင်ခံ့ဝင့်ထည်ပွားစည်းစေရအောင်၊ အနာဂတ်မျိုးဆက်သစ်များအတွက် အသီးအပွင့်အခက်အညွန့်အဖူးအပွင့်တို့ဝေဆာပွင့်ဖူးတင့်တယ်လာစေရအောင် ဆက်လက်ပြုစုပျိုးထောင်ပေးကြပါဟု စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများကို မေတ္တာရပ်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံး တမ်းအစဉ်အလာများ၊ လူမှုတန်ဖိုးများကို ထိန်းသိမ်းမြှင့်တင်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အမျိုးသားရေး စွမ်းအားများ ပိုမိုထက်မြက် ခိုင်မာစေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးသွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ် ထွန်းလာစေရအောင် စာပေစွမ်းပကားဖြင့် တစ်တပ်တစ်အားပါဝင်စွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်း ပြောကြားသွားသည်။

တစ်သက်တာစာပေဆု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း) အား ဆုချီးမြှင့်ရာ ဆရာမကြီးကိုယ်စား စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင်(မောင်ဆွေငယ်)က လက်ခံယူသည်။

ဆုများချီးမြှင့်

၂၀၀၃ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆုရ 'ကမ္ဘာအသိဇာတိဂုဏ် ကဗျာများ' ရေးသားသူ ကောင်းညွန့်ဝေ(ရေစကြို)၊ ဒုတိယဆုရ'အနှစ်အလှခိုင်ကျည် ချစ်မဝနိုင်ပြီနှင့် အခြားကဗျာများ'ရေးသားသူ မောင်ပြည့်လှိုင်း(သံတွဲ)နှင့် တတိယဆုရ 'အတွေ့အမြင်နှင့်အတွေးအမြင် ကဗျာများ'ရေးသားသူ ရွှေဟင်္သာ (မန္တလေးတက္ကသိုလ်) တို့အားလည်းကောင်း၊ ဝတ္ထုရှည် ပထမဆုရ'ကန္တာရကျောက်တောင်ကြီးများကို ဖောက်ထွင်းပြီးမိုးတိမ်ကိုနင်းမည်' ရေးသားသူ ပုသိမ်–အောင်သန်းဦး၊ဒုတိယ ဆုရ 'မေတ္တာသည်သာ' ရေးသားသူ သျှီ(အင်ကြင်း)နှင့်တတိယဆုရ 'လေကိုဆန်သောပန်းသဇင်'ရေးသားသူ သွဲ့ထားညို(သက္ကလ) တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ထို့နောက် စာပေဆု အလှူရှင် ပခုက္ကူဦးအုံးဖေက ပညာရည်ချွန်ဆုအတွက် တတိယအကြိမ်ထပ်မံလှူဒါန်း ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံသည်။

တိုင်းမှူးဆုချီးမြှင့်

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ 'မရွှေရီကျေနပ်ပြီလား ဝတ္ထုတိုများ' ရေးသားသူ သိန်းဇော်(ရွှေလီဦး)၊ ဒုတိယဆုရ 'ချစ်စရာစားစရာနှင့်အခြားဝတ္ထုတိုများ'ရေးသားသူ ကျော်ဖုန်းမြင့်(ဓာတုဗေဒ)နှင့် တတိယဆုရ

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် စာပေဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

'သောင်းစုနှစ်၏ အလင်္ကာညများ' ရေးသားသူ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့အားလည်းကောင်း၊ ကျမ်းစာပေ ပထမဆုရ 'မန်လည်စာဆိုတော်' ရေးသားသူ နီငြိမ်း(အညာတက္ကသိုလ်)၊ ဒုတိယဆုရ'မြန်မာ့ရိုးရာ သဘာဝ အမိုးများ'ရေးသားသူ ထန်လိုင်နှင့် တတိယဆုရ'ကယန်း'ရေးသားသူ သျှင်ထွေးယဉ်(မနုဿ)တို့အား လည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သုတေသနစာပေ ပထမဆုရ 'မဟာဗုဒ္ဓဝင် ကွက်စိပ်ဓာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့်'ရေးသားသူ မင်းသျှင်အောင် (တွံတေး)၊ ဒုတိယဆုရ 'ရွှေ့ပြောင်းတောင်ယာ' ရေးသားသူ ဦးဆောင်း(သစ်တော)နှင့်တတိယဆုရ 'ထာဝရ တည်မြဲသော စွမ်းအင်' ရေးသားသူ ရွှေနဂါးတင်ဝင်းတို့အားလည်းကောင်း၊ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမေသူကျော်၊ဒုတိယဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇေလတ်နှင့် တတိယဆုရ ဧရာဝတီတိုင်း ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းကျော်မိုးတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ပညာရေးဝန်ကြီးဆုချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြန်မာစာ ထူးချွန်ဆုများရရှိကြသော ဒဂုံတက္ကသိုလ်မှ မအေးမြစန္ဒာ၊ မဖြူဖြူစင်နှင့်မဇင်ညိမ်းထက်၊ ရတနာပုံ တက္ကသိုလ်မှ မတင်ဖြိုးသွယ်တို့အားလည်းကောင်း၊ ပညာသင်ဆုရရှိကြသော ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ပထမနှစ် ဂီတ အထူးပြုမှ မနော်သူးလေဖောဝေနှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပထမနှစ် သဘင်အထူးပြုမှ မသက်မာစိုးတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ယဉ်ကျေးမှုဝန်ကြီးဆုချီးမြှင့်

ဆက်လက်၍ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာ ဘာသာရပ်ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းမှမောင်စောထွဋ်၊ ဒုတိယဆုရရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်ကြည်သာအောင်နှင့် တတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်တင်ထွန်းအောင်တို့အားလည်းကောင်း၊ သင်္ချာဘာသာရပ်ပထမဆုရ ရန်ကုန်တိုင်းကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ ဒုတိယဆုရ မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှမသူသူချိုနှင့် တတိယဆုရ ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မအိမွန်ဝင်းတို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဓာတုဗေဒ ဘာသာရပ်ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ ရူပဗေဒဘာသာရပ် ပထမ ဆုရမန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မဇွန်မိုဆူး၊ ပထဝီဝင်ဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း(ပြင်ပဖြေ)မှ မရည်ဝေထက်၊ ဇီဝဗေဒဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆု၊ သမိုင်းဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မမေခလာ၊ ဘောဂဗေဒ ဘာသာရပ် ပထမဆုရ ရန်ကုန်တိုင်း မင်္ဂလာဒုံ(ထောက်ကြန့်)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းမှ မသီရိစိုးနှင့် စိတ်ကြိုက် မြန်မာစာဘာသာရပ် ပထမဆုရ မန္တလေးတိုင်း လယ်ဝေးမြို့နယ် သပြေပင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်ထွန်းလင်းတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် စာပေဆု အလှူရှင် ပခုက္ကူ ဦးအုံးဖေက စာပေဆု ချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော စာအုပ် ၃၀၀ နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ လှူဒါန်းသော စာအုပ် ၂၉၅ အုပ် စုစုပေါင်း စာအုပ် ၅၉၅အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ပခုက္ကူဦးအုံးဖေက လက်ခံရယူသည်။

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူ ဦးအုံးဖေက ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများရရှိကြသော 'စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့'စာအုပ်ရေးသားသူ ဆရာအောင်စည်ဟိန်း၊ 'ငွေနှင်းမှုန်မှုန်ထဲက ပန်းဂျူ' စာအုပ်ရေးသားသူ ဆရာနီမင်းဆွေနှင့် 'ဥပဒေဝန်ထမ်းတစ်ဦး၏ ဘဝခရီး' စာအုပ်ရေးသားသူဆရာဦးဟန်ညွန့်(ဥပဒေ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရရှိကြသူများ ကိုယ်စားပခုက္ကူဦးအုံးဖေတစ်သက်တာ စာပေဆုရ စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)၏ ကျေးဇူးတင်စကားကို ၎င်း၏ကိုယ်စား စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရရှိကြသော စာရေးဆရာများနှင့်လည်းကောင်း၊ စာပေဆုရရှိကြသူများနှင့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရရှိကြသူများနှင့်လည်းကောင်း၊ ပညာရည်ချွန်ဆုရရှိကြသူ ကျောင်းသား ကျောင်းသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာပေအလှူရှင် ပခုက္ကူဦးအုံးဖေက ၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုအတွက် တတိယအကြိမ် ထပ်မံလှူဒါန်းငွေ ကျပ်သိန်း ၅၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျပ်နှစ်သိန်းချီးမြှင့်

ပခုက္ကူ ဦးအုံးဖေ စာမူဆုတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသန စာပေတို့အတွက် ချီးမြှင့်ငွေမှာ ပထမဆုအတွက် ငွေကျပ်တစ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၇၅၀၀၀၊ တတိယဆုအတွက် ငွေကျပ် ငါးသောင်း၊ တစ်သက်တာစာပေဆုအတွက်ငွေကျပ်နှစ်သိန်းချီးမြှင့်ကြောင်းသိရသည်။

(သတင်းစဉ်)

ပုဂံကုသိနာရုံဘုရားအမှတ်(၁၂၆၇) တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပုဂံမြို့ အနောက်ဖွားစောရွာအနီးရှိ ဘုရားအမှတ်(၁၂၆၇) ကုသိနာရုံဘုရားကြီးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်၉၀/အေ(၁)နေ ဘုရားကြီးအလှူရှင် ဒေါက်တာဦးအောင်ဝင်း-ဒေါ်ဥဥအောင်မိသားစုက ကြီးမှူး၍ ဒေသခံများ၏ ပံ့ပိုးမှုဖြင့် တတိယ အကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဆရာတော်အရှင်သူမြတ်များက ဖေဖော်ဝါရီ၂၃ ရက်မှ ၂၆ ရက်အထိ အသံမစဲပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ချီးမြှင့်ခြင်း၊ ဖေဖော်ဝါရီ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဓာတ်ပွဲဖြင့်ဖျော်ဖြေခြင်းနှင့် ဖေဖော်ဝါရီ၂၇ ရက်တွင် ပုဂံညောင်ဦးမြို့နယ် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်သဝဏ်လွှာပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၂၃ ရက်၌ ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ အနှစ်(၂၀)မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၂ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၃၉) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ်ပုံမှန်ထုတ်ဝေနေသော နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၃၉)ကို ယနေ့မှစတင်၍ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

မီဒီယာခေတ် မကျန်ရစ်ဖို့ ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်နေသည့် ယခုအပတ်ထုတ် နိုင်ငံတကာသတင်းဂျာနယ်တွင် ယုန်ကြောင့်ဖြစ်ပွားသော အာအိတ်ချ်ဒီဗွီရောဂါ၊ ဆီးရီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ ထိုင်းနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကို ကြောင်များ၌ တွေ့ရှိရခြင်း၊ ကျေးရွာပေါ်သို့ပျက်ကျသည့် ဂျက်တိုက်လေယာဉ်၊ ကမ္ဘာ့ကြေးနီသန့်စင်လုပ်ငန်း ဈေးကွက်သုံးသပ်ချက်၊ မြစ်များတွင်ကျက်စားသော လင်းပိုင်ငါးများကို သန်းခေါင်စာရင်းကောက်ယူခြင်း၊ ပင်လယ်ပြင်အပူချိန်မြင့်တက်မှုနှင့် သန္တာကျောက်တန်းထိခိုက်နိုင်ပုံ၊ ဂျပန်နှင့်အီရန်တို့၏ ရေနံလုပ်ငန်းကန်ထရိုက်၊ အနောက်အုပ်စုက မဟာအရှေ့အလယ်ပိုင်းစီမံကိန်း မည်သို့ရေးဆွဲထားသနည်း၊ လူပေါင်း၃၀၀ နီးပါးသေဆုံးရသည့် ကုန်တင်ရထားပေါက်ကွဲမီးလောင်မှု၊ ၂၀၀၃ခုနှစ် ကမ္ဘာ့သတင်းဓာတ်ပုံဆုရ သတင်းဓာတ်ပုံများ၊ နိုင်ငံတကာဟာသ၊ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးထုတ်လုပ်နိုင်တော့မည်လော၊ ဟေတီနိုင်ငံ ပဋိပက္ခ၊ ယူရေနီယမ်လွှဲပြောင်းပေးခဲ့သည့် အရုပ်တော်ပုံ၊ တောင်ကိုရီးယား၏ မြို့ပြနှင့်ကျေးလက် ကွာဟချက်၊ မငြိမ်းချမ်းသော ချေချင်းညာ စသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖြည့်စွက်ဖတ်ရှုပါရန်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ယမန်နေ့ထုတ်သတင်းစာများတွင် အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်းတစ်ရာပြည့် အခမ်းအနားကျင်းပ သတင်းတွင် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာမကြီးဒေါ်ဒဂုန်ခင်ခင်လေး၏တူမ ဒေါ်တင်တင်မ၊ ဓာတ်မင်းသားကြီး ဦးရဲစိန်နှင့် ယုဝတီကလောင်ရှင်များကိုယ်စား ယုဝတီရွှေဝါစိန်တို့က အသီးသီး ဂုဏ်ပြု ဟောပြောကြကြောင်း ဖြည့်စွက်ဖတ်ရှုကြပါရန်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ပူးပေါင်းစီစဉ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက်က နှမ်းကန်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးမောင်မောင် က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

မကြာမီကျင်းပတော့မည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထိုအဖိုးတန် သယံဇာတများအနက် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲနှင့် ကျောက်သံပတ္တမြား ရတနာများသည် ကမ္ဘာ့ဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိသည်။

ထိုသို့ အရည်အသွေးကောင်းပြီး ကမ္ဘာတွင် နာမည်ကြီးနေသည့် မြန်မာ့ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ခုနှစ်မှစတင်၍ နှစ်စဉ်ခင်းကျင်းပြသ ရောင်းချနိုင်ခဲ့သည်မှာ ၂၀၀၄ခုနှစ်တွင် (၄၁)ကြိမ်မြောက်ရတနာပြပွဲသို့ ရောက်ခဲ့ပြီဖြစ်သည်။

ထို့ကဲ့သို့ အောင်မြင်စွာ ခင်းကျင်းပပြသရောင်းချနိုင်ခဲ့ခြင်းမှာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ သင့်တော်သည့် အခြေခံရောင်းဈေးများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို စနစ်တကျခင်းကျင်းရောင်းချနိုင်ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ပြည်ပရတနာကုန်သည်များ တက်ရောက်နိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

၂၀၀၄ ခုနှစ်(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပရန် စီစဉ်လျက်ရှိသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူပြီး နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်နှင့်အညီ ရတနာပြပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား–

- နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းရန်၊
- နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာ အခြေအနေများ လေ့လာနိုင်ရန်၊
- ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်၊
- ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တက်ရောက်ခွင့်ပြုပြီး ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုခြင်းဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ပုဂ္ဂလိကပိုင်ကျောက်မျက်၊ ကျောက်စိမ်းရိုင်းများကို ကျောက်မျက်ရတနာပြပွဲ မကျင်းပသည့်ကာလများတွင်လည်း ရောင်းဝယ်နိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မျက်ရတနာများ တူးဖော်ခြင်းလုပ်ငန်းကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့သော်လည်း ယခုအခါနိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက ကျောက်မျက်ရတနာ ကုမ္ပဏီများ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ပိုမိုကျယ်ပြန့်တိုးတက်လာနေပြီ ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းမှု ရရှိကြသည်။

၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပိုင် ကျောက်စိမ်းများ၊ အကျိုးတူလုပ်ငန်းပိုင် ကျောက်စိမ်းများ၊ ပုဂ္ဂလိကပိုင် ကျောက်စိမ်းများကို အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်စသည်ဖြင့် အမျိုးအစား အလိုက် အတွဲများဖွဲ့ပြီး အခြေခံရောင်းဈေး ယူရိုငွေ ၁၀၀၀၀နှင့် အထက်တန်ဖိုးရှိသည့် ကျောက်စိမ်းတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ အခြေခံ ရောင်းဈေးယူရိုငွေ ၁၀၀၀မှ ၉၉၉၉အထိ တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ်ပြပွဲတွင် အခြေခံရောင်းဈေးယူရိုငွေ ၄ဒသမ ၀၀ သန်းဖိုး သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲပေါင်းအတွဲ ၆၀၀ကို တင်ပြရောင်းချရန်

မြင့်လွင်

လျာထားသတ်မှတ်ထားသည်။ လျာထားသည့် အတွဲများမှာ တင်ဒါစနစ်တွင် အတွဲ၅၀၀၊ ခန့်မှန်းတန်ဖိုးယူရိုငွေ ၁ဒသမ၅၀သန်းဖြစ်ပြီး၊ ဈေးပြိုင်စနစ်ဖြင့် အတွဲ ၁၀၀၊ ခန့်မှန်းတန်ဖိုးယူရိုငွေ ၂ဒသမ ၅သန်း စုစုပေါင်းအတွဲ၆၀၀၊ ခန့်မှန်းတန်ဖိုးယူရိုငွေ ၄ဒသမ ၀၀ သန်းဖိုးဖြစ်သည်။

၁၆-၂-၂၀၀၄ အထိ အတွဲဖွဲ့ပြီး ကျောက်စိမ်းအတွဲများမှ စုစုပေါင်း ၈၅၆တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၁၀ဒသမ ၇၂သန်းဖိုး အတွဲဖွဲ့စီစဉ်ထားပြီးဖြစ်သည်။ နှစ်စဉ်ပြပွဲများကဲ့သို့ ပြပွဲနီးမှစုပြုံပြီး လာရောက်အပ်နှံ လေ့ရှိသည့်အတိုင်း လုံးခင်း၊ ဖားကန့်၊ မန္တလေးတို့မှ ပြပွဲတင်ပြရောင်းချရန် ကြိုးစားလာရောက်နေကြသည်။

အကျိုးတူ လုပ်ငန်းကုမ္ပဏီ ခုနစ်ခုမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်း ၈၂တန်ကျော်ခန့်ကို ယခုပြပွဲတွင် တင်ပြရောင်းချရန်အတွက် စစ်ဆေး၊ ဖြတ်တောက်၊ ချိန်တွယ်၊ အတွဲဖွဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် ပြည်ပတွင် တရားမဝင်ရောင်းချခြင်းထက်၊ ပြပွဲတင်ပြရောင်းချခြင်းက ကျောက်စိမ်းများတန်ဖိုး ငွေပိုမိုရရှိနေကြခြင်းများကြောင့် ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်ပြပွဲတွင်လည်း ကျောက်စိမ်းများလာရောက်တင်ပြမှုမှာ အရေအတွက်၊ အလေးချိန် ယခင်နှစ်ပြပွဲအကြိမ်များထက် ပိုမိုများပြားလိမ့်မည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်ပြပွဲတွင် တင်ပြသော ကျောက်စိမ်းများအတွက် အခြေခံရောင်းဈေးသတ်မှတ်ခြင်းကို ယခင်ပြပွဲများထက်ပင် ပိုမိုဂရုစိုက်ပြီး သတ်မှတ်ထားသည်။ ထိုသည်မှာလည်း ကျောက်စိမ်းသုံးစွဲနေသည့် ပတ်ဝန်းကျင်နိုင်ငံများတွင် လက်ရှိကျောက်စိမ်းရောင်းဝယ်မှု အခြေအနေများ၊ နိုင်ငံတကာသတင်းစာ၊ စာစောင်များကို လေ့လာဖတ်ရှုပြီး ယခုပြပွဲတွင် ကျောက်စိမ်းဈေးနှုန်းများကို အရောင်းအဝယ်ဖြစ်နိုင်လောက်မည့် အခြေအနေအထိ သတ်မှတ်ထားခြင်းဖြစ်သည့်အတွက် ကျောက်စိမ်းအတွဲများ ကောင်းစွာရောင်းချရလိမ့်မည်ဟု ခန့်မှန်းထားသည်။

အလားတူ (၄၁)ကြိမ်မြောက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲစုစုပေါင်း အတွဲ၂၅၀၊အခြေခံဈေး ယူရိုငွေကိုးသန်းကျော် လျာထားရာ ယခုအခါ ၁၉၃တွဲကို အခြေခံဈေးယူရိုငွေ ၃၈၆၄၁၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီး ဖြစ်သည်။ ယခုကဲ့သို့ အရေအတွက်နှင့် တန်ဖိုးနည်းနေရခြင်းသည် မိုင်းရှူး ကျောက်မျက်အတွဲများ လာရောက်အပ်နှံခြင်းမရှိသေး၍ ဖြစ်သည်။

ဈေးပြိုင်စနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲပေါင်း ၇၂တွဲ၊ တန်ဖိုးယူရိုငွေ ၈၇၉၅၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ အတွဲ၁၀တွဲကို အခြေခံဈေးယူရိုငွေ ၁၆၆၇၆၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။ တင်ဒါစနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲစုစုပေါင်း ၈၀ကို တန်ဖိုးအခြေခံဈေးယူရိုငွေ ၁၅၀၀၀၀ လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၈၁တွဲကို အခြေခံဈေးယူရိုငွေ ၁၆၃၆၂၀ဖြင့် တင်ပြ ရောင်းချရန် ဖွဲ့စည်းထားပြီးဖြစ်သည်။ ပုံသေစနစ်ဖြင့် တင်ပြရောင်းချမည့် အတွဲ စုစုပေါင်း ၉၈တွဲကို အခြေခံဈေးယူရိုငွေ ၅၅၀၀၀ ဖြင့် လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၁၀၂တွဲကို အခြေခံဈေးယူရိုငွေ ၅၆၀၃၀ဖြင့် တင်ပြရောင်းချရန် ဖွဲ့စည်းထားပြီး ဖြစ်သည်။

လက်ဝတ်ရတနာပစ္စည်းများအနေဖြင့် လက်ဝတ်ရတနာမျိုးစုံ ၁၁၄၈ခု၊ တန်ဖိုးယူရိုငွေ ၈၆၃၃၈၄ရှိ ပစ္စည်းများကိုခင်းကျင်းတင်ပြရောင်းချရန် ဆောင်ရွက်ထားပြီးဖြစ်သည်။ ယင်းအနက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပိုင် လက်ဝတ်ရတနာမျိုးစုံ ၅၉၈ခု၊ တန်ဖိုးယူရိုငွေ ၂၀၀၇၀၄၊ မြန်မာဗွီအီးအက်စ်မှ လက်ဝတ်ရတနာမျိုးစုံ ၅၀၀၊ တန်ဖိုးယူရိုငွေ ၅၀၀၀၀၀ နှင့် ပြင်ပပုဂ္ဂလိက လက်ဝတ်ရတနာမျိုးစုံ ၅၀၊ တန်ဖိုးယူရိုငွေ ၁၆၂၆၈၀တို့ဖြစ်သည်။

ထို့အတူပင် (၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ပုလဲလုံးရေ ၂၅၀၀၀၊ အလေးချိန် ၁၁၂၅၀မိုမီအထိ တင်ပြရောင်းချမှာဖြစ်သည့်အတွက် ၁၉၉၃ခုနှစ် နှစ်လယ်ရတနာပြပွဲနောက်ပိုင်း ပုလဲအများဆုံးတင်ပြရောင်းချမည့် ပြပွဲဖြစ်သည်။ ပုလဲအတွဲ စုစုပေါင်း ၂၈၀ကို အခြေခံဈေးယူရိုငွေ ၁ဒသမ ၃၂ သန်းဖြင့် တင်ပြရောင်းချရန် လျာထားဆောင်ရွက်လျက်ရှိရာ လောလောဆယ်ယူရိုငွေ လေးသိန်းတန်ဖိုးရှိ ပုလဲအတွဲ ၇၀ ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်သည်။

(၄၁)ကြိမ်မြောက် ရတနာပြပွဲသို့ နိုင်ငံပေါင်း၂၆နိုင်ငံမှ ကျောက်မျက်ရတနာကုမ္ပဏီ ၄၉၈ခုသို့ ရတနာပြပွဲဖိတ်စာများကို ပေးပို့ထားပြီးဖြစ်သည်။ နိုင်ငံခြားရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်း ရတနာပြပွဲကို စိတ်ဝင်စားသူများနှင့် တက်ရောက်လိုသူများကို ဖိတ်ကြားနိုင်ရန်အတွက် ဖိတ်စာများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ပေးပို့ထားသည်။ (၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံခြားမှ ရတနာကုန်သည် အနည်းဆုံး ၄၀၀ကျော် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

အချုပ်ဆိုရသော် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နှစ်စဉ်ကျင်းပသော မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ တစ်ဆင့် နိုင်ငံခြားငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရှာဖွေပေးနိုင်တော့မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဏ္ဍိမာရုံကျောင်း စာသင်တိုက် ရွှေဥရတနာ ရွှေကျောင်းတော်တွင် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ရက်နှင့် ၂၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၅ရက်တွင် အရှင်ခေမာသိရိလင်္ကာရ(ပိဋကတစ်ပုံခွဲဆောင်)ဆရာတော်တို့ကတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၃-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ပထမနှစ်စိတ်ပညာ) Perceiving Distance
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ”**(အပိုင်း–၁၀)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း–၁၃)

ဖေဖော်ဝါရီ ၂၁ရက်ကဗဟန်း အမက(၈)၏ ၂၀၀၂ – ၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက တတိယတန်း ပညာရည်ချွန်ဆုရ မောင်ကောင်းချမ်းသာမြင့်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြိတ်မြို့ ပုလဲရတနာခန်းမတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအားတွေ့ဆုံ၍ အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းများရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသမီးထုကတ္တာဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်း အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ၂၀ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ ရောက်ရှိကြသည်။

ဖေဖော်ဝါရီ ၂၁ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာတနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်နုနုဆွေ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၈၀ ခန့် တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်း မြိတ်မြို့သို့လာရောက်၍ တနင်္သာရီတိုင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်း တာဝန်များအား ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍမြင့်တင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရေး အပါအဝင် မွန်မြတ်သော ရည်ရွယ်ချက်ခုနစ်ရပ်ဖြင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်အား ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းများ ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းမှ လုပ်ငန်းအသီးသီးကို တာဝန်ယူရန် ရွေးချယ်ထားသော လုပ်ငန်းအဖွဲ့ဝင်များအားလုံး မိမိတို့ ဒေသတွင်းရှိ အမျိုးသမီးထု၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးမည်ဟုယုံကြည်ကြောင်း၊ တာဝန်ယူထားသော အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိအမျိုးသမီးထုကတ္တာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အဖွဲ့ချုပ်၏ ဂုဏ်ကို မှေးမှိန်စေသော လုပ်ရပ်များနှင့် အပြုအမူများ ရှောင်ရှား၍ "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသော အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ တက်တက်ကြွကြွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်တူးရော်က အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များ လျှောက်ထားပုံကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်စန်းက ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါ်ရီရီမြင့်က စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြန်ကြား/ဆက်သွယ်ရေး၊ စည်းရုံးရေး၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/စီမံရေးရာ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် သိန်း ၈၀ ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ရီရီမြင့်တို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် တနင်္သာရီတိုင်း တိုင်းအဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ကျင်းပသည်။ အဆိုပါ တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော မရှင်းလင်းသည့် အချက်အလက်များ၊ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၄)ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်တွင်ထင်ရှားခဲ့သော မြန်မာ့နန်းတွင်းပန်းချီဆရာကြီးဆရာချုံ၏ နန်းတွင်းပန်းချီလက်ရာနှင့် အတူ ဆရာချုံနှင့် သားများ၏ပုံကို ဖော်ပြထားသော 'ဝံသာနု'သတင်းလွှာ အတွဲ (၁၃)၊ အမှတ် (၄)ကို ယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

'ဝံသာနု' သတင်းလွှာတွင် မြိတ်မြို့နယ်ကလွင်စုံခေါင်း ကျေးရွာရှိ ဥယျာဉ်ခြံမြေအတွင်းမှရှေးဟောင်းရွှေထည် ငွေထည်ပစ္စည်းများ၊ ငပုတောမြို့နယ် ပိုးလောင်းကျေးရွာဝန်းကျင်နှင့် မြစ်တစ်ရာသစ်တောကြိုးဝိုင်းမှ တရားမဝင်သစ်များ၊ သိဒ္ဓိတန်ခိုးနှင့်ဆယ်ဆမတိုးဘဲ လိမ်လည်သွားသော ရွှေထည်ပစ္စည်း ၁၈ သိန်းကျော်ဖိုး၊ ဗန်းမော်မြို့နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ တရားမဝင်သစ်များနှင့်မူးယစ်ဆေးဝါးများ၊ သီရိမွန်ပလာဇာမှသိန်း ၃၀ ဖိုးရှိ တရားမဝင်အချိုမှုန့်အိတ်များ၊ သံဖြူဇရပ်မြို့မော်တော်ယာဉ်ပေါ်မှလူမှောင်ခိုကိုက်ဝင် ခြောက်ဦး စသော ပြည်တွင်းသတင်းများနှင့်လူသားမျိုးနွယ်အစအအာရှမှလုံခြုံရေးကျိုးပေါက်နေသော ဗြိတိန်လေယာဉ်ကွင်းများ၊ အီရတ်မြေပေါ်မှဗုံးပေါက်ကွဲမှုများ၊ ရွှေကမ္ဘာလုံးပွဲတော်မှကမ္ဘာကျော်ရုပ်ရှင်မင်းသမီးများ၏ဖက်ရှင်အလှအပါအဝင် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

ချမ်းမြေ့ဂုဏ်ဝေ ပညာရည်ချွန်ဆုပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဗဟိုလမ်းတွင်ရှိသော ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက်ကြီး၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ပရိသတ်များ၊ အလှူရှင်များက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိနယာလင်္ကာရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်ပြီး သာသနာ့ဂုဏ်ဆေ စာလျှောက်မေးပွဲတွင် အတန်းအဆင့်ဆင့်အောင်မြင်တော်မူကြသော သီလရှင် စာသင်သား၊ ဆရာကြီး၊ ဆရာလေးများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။ **(ဝ၃ဇ)**

သတ္တဗေဒကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ်ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင်တက္ကသိုလ်များ ဓမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဒေါ်တင်တင်အေး ဖုန်း- ၂၉၅၈၀၃၊ ဒေါ်မြစော ဖုန်း-၆၅၁၂၅၄၊ ဦးမြင့်လွင်ခိုင် ဖုန်း-၃၇၄၈၅၀၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း-၅၁၁၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၁၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ**(အပေါ်ပုံ)** နာယကဦးလှထွေးက အဖွင့်အမှာစကားပြောကြားသည်။ နှစ်ပတ်လည် အစီရင်ခံစာကို ဥက္ကဋ္ဌဦးစဝ်ကိုင်ဖကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူးဦးညွန့်တင်ကလည်းကောင်း တင်ပြရာအတည်ပြုကြသည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်(NHK)၊ အတွင်းရေးမှူး ဦးညွန့်တင်(Fuji TV)၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်လှထွန်း(Reuters)၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်အေး(Asahi) နှင့် စာရင်းစစ် ဦးမင်းဇော် (Tokyo Shimbun)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားမည့် Xinhua News Agency မှ Chief Correspondent-Mr. Duan Ting Chang အား နှုတ်ဆက်ဂုဏ်ပြုပြီး ၎င်း၏နေရာတွင် ဆက်လက်တာဝန်ထမ်းဆောင်မည့် Mr. Zhang Yenfei အား ကြိုဆိုဂုဏ်ပြုကြသည်။

အစည်းအဝေးအပြီးတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်ကျော်သိန်း၊ ဗိုလ်မှူးကြီးတင်ဦး၊ ဗိုလ်မှူးကြီးလှမင်းနှင့် တပ်မတော်အရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေး တိုင်းမှူးနှင့်မြို့တော်ဝန်ကြည့်ရှုစစ်ဆေး၊လိုအပ်သည်များမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်း၍ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်း များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ (၃၈)လမ်းဘေးဝဲ/ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့် နုန်းများဆယ်ယူနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ပန်းဘဲတန်းမြို့နယ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား ဗိုလ်ဆွန်ပက်လမ်းတစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မရမ်းကုန်းမြို့နယ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း သမိုင်းချောင်းရေစီးရေလာကောင်းမွန်စေရေး၊အမှိုက်နှင့်နုန်းများဆယ်ယူနေမှုအခြေအနေများကို လည်းကောင်း၊ မင်းဓမ္မလမ်းဘေးဝဲ/ယာ၌ အမှိုက်နှင့်ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သမိုင်းချောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်း လှိုင်မြစ် မြစ်ထွက်ပေါက်အထိ အမှိုက်နှင့်နုန်းများ အပိုင်းလိုက် ဆယ်ယူနေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ရွှေပြည်သာမြို့နယ်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးနှင့် မဟော်ဂနီလမ်းကြား၊ စက်မှုဒေသလမ်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းဆယ်ယူခြင်း၊ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ရန်ကုန်မြို့တော်ရှိ မြစ်ချောင်းများသည် ဒီရေအတက်အကျ ရှိသည့်အတွက် ရေထိန်းတံခါးများတွင် တပ်ဆင်ထားသည့် (Flai Gate)များအစဉ်ကောင်းမွန်စေရေး စစ်ဆေးထိန်းသိမ်းကြရန် မှာကြားသည်။

လှိုင်သာယာမြို့နယ်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည်လှိုင်သာယာမြို့နယ် စစ်တွေ လမ်းသို့ရောက်ရှိပြီး မကွေးလမ်းနှင့် မင်းဘူးလမ်းအကြား စစ်တွေလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ရေစီးရေလာကောင်းမွန် စေရေးလုပ်ငန်းများကို ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အရှေ့ပိုင်ခရိုင်၌ သဃ်န်း ကျွန်းမြို့နယ်အတွင်း သံသုမာလမ်းနှင့် သုဝဏ္ဏအမှတ်(၂၃) ရပ်ကွက်တို့ တွင်လည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မောင်းမကန် ကမ်းသာလမ်းတွင် လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြည်ထောင်စုလမ်းတွင်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်ရာဇာဓိရာဇ်လမ်းတွင်လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၌ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း ရေမြောင်းမကြီးတို့တွင်လည်းကောင်း အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းသစ်များ တူးဖော်ခြင်း လုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း (၃၈)လမ်းထိပ်ရှိ အမှိုက်ရှင်းလင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

ပြင်ဦးလွင်၊မြို့ဟောင်းနှင့်ကျောက်ဆည်မြို့ရှိရထားလုပ်ငန်းများ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တိုင်းအရာရှိများနှင့် ကြီးကြပ်ရေး ဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ၁၉ ရက်က မန္တလေးမှပြင်ဦးလွင်သို့ သံလမ်းပြေးယာဉ်ဖြင့် ထွက်ခွာ၍ ဆည်တော်နှင့် သုံးတောင်ဘူတာတို့တွင်သွားလာရေးနှင့်စက်မှုဌာန ဝန်ထမ်းများက ရထားအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ လွန်းထိုးများ၌ ရထားလမ်းကြွဲခိုင်ရေး၊ ဖမ်းလမ်းနှင့် သဲလမ်းများကောင်းမွန်ရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြင်ဦးလွင်ဘူတာတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ရထားအလိုက်ခရီးသည်များစီးနင်းလိုက်ပါမှု၊လားရှိုးသို့ရိက္ခာပို့ဆောင်မှု၊ ဘိလပ်မြေစက်ရုံများအတွက် ဘော်ကြိုမှဓါတ်ကျောက် သယ်ယူမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ဘူတာအဆောက် အအုံနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်လှပရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် မြို့ဟောင်းကုန်ရုံဝင်း၌ ကုန်သည်များအား တွေ့ဆုံ၍ ဒေသအလိုက် ထွက်ကုန်များနှင့်ကား၊ ရထား၊ ရေကြောင်းလမ်းများမှ ပို့ဆောင်မှု အခြေအနေ၊ မြန်မာ့မီးရထားမှ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ရေးအတွက် ဆောင်ရွက်ပေးရမည့်ကိစ္စ၊မြို့ဟောင်း၌ကုန်ရုံ သစ်ဆောက်လုပ်ပေးမည့် ကိစ္စများကို ဆွေးနွေးသည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ၂၀ရက်တွင် တိုင်းအရာရှိများ၊ ကြီးကြပ်ရေး ဝန်ထမ်းများနှင့်အတူ မန္တလေးမှ ကျောက်ဆည်သို့ အမှတ်(၁၂) အစုန် ရထားစက်ခေါင်းမှ လိုက်ပါ၍ ရထားဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရထားလမ်း တံတား အချက်ပြကားလမ်းကူးနှင့် ရထားဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု အခြေအနေများ၊ကျောက်ဆည် ဘူတာတွင် ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်အုန်းနှင့်အတူ ဘူတာပလက်ဖောင်းတိုးချဲ့ရေးလုပ်ငန်း၊ ပတ်ဝန်းကျင် စိမ်းလန်းလှပရေး၊ ခရီးသည် များ စိတ်ချမ်းမြေ့အဆင်ပြေစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်၃၀ စိမ်းလန်းစိုပြည်ရေး ဇုန်နယ်မြေ(၅)လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေး ဇုန်နယ်မြေ(၅)လုပ်ငန်းကော်မတီ၏ (၄/၂၀၀၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၂၀ရက်မွန်းလွဲ၂နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင်အမှတ်(၂) လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီး လမ်းဆုံရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မစို စိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်း စီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ ဇုန်နယ်မြေ(၅) လုပ်ငန်းကော်မတီဥက္ကဋ္ဌရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါတက်ရောက်၍ လုပ်ငန်းဆိုင်ရာများမှာကြားသည်။

အစည်းအဝေးတွင်ရှေးဦးစွာ ဇုန်နယ်မြေ(၅) လုပ်ငန်းကော် မတီဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဇုန်နယ်မြေ(၅) စိမ်းလန်းစိုပြည်စေရေးအတွက် စီမံကိန်းလျာထားချက်များ ပြည့်မီရန် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးအောင်ဆန်းကဇုန်နယ်မြေ(၅)အတွင်း(၁၂)လရာသီပတ်လုံး စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီဝင်များနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်စိုက်ပျိုးရေးရရှိရန် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလျာထားချက်များပြည့်မီရန် နွေစပါး၊ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများစိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဇုန်နယ်မြေ(၅)လုပ်ငန်းကော်မတီဥက္ကဋ္ဌဒုတိယမြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်ချက်များဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများ ကောက်ရိုးသဘာဝမြေသြဇာသုံးစွဲရေးပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ဝန်ထမ်းများက နွေစပါးတွင် ထည့်သွင်းအသုံးပြုရန်အတွက် ကောက်ရိုးသဘာဝမြေသြဇာပြုလုပ်သုံးစွဲရေးကို တောင်သူလယ်သမားများအား ပညာပေးပြသကြသည်။ **(အပေါ်ပုံ)**

ကြိုးပမ်းဆောင်ရွက်

ယခုနှစ်နွေစပါးရာသီတွင်ကောက်ရိုးသဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းကို မြို့နယ်တွင်းရှိကျေးရွာအုပ်စု(၁၂)အုပ်စုတွင် ပြုလုပ်ပြသခဲ့ပြီးဖြစ်ရာ စံပြကွက်ပေါင်း ၁၄၅ကေအထိ ပြုလုပ်ပြသရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **(က-ပ)**

စစ်ဆေးကြည့်ရှု

ဖေဖော်ဝါရီ ၇ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဝင်းတို့ သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံ နှင့် ပျိုးဥယျာဉ်တို့ကို စစ်ဆေး ကြည့်ရှုကြစဉ်။

(မြို့နယ်ပြန်/ဆက်)

23-2 (12).p65 1 3/24/05, 8:52 PM

အဖွဲ့ချုပ်သည် အမျိုးသမီးများအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဦးတည် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဘားအံမြို့၌လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့နှင့်တာဝန်ရှိသူတို့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများရှင်းလင်းရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ဖေဖော်ဝါရီ ၂၀ရက် နံနက်၇နာရီတွင် ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ နံနက်၈နာရီခွဲတွင် ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို နံနက် ၉ နာရီတွင် ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး၏ဇနီး ဒေါ်နန်းစန္ဒာစမ်း၊ ပြည်နယ်အမျိုးသမီးရေးရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ မွန်မြတ်သည့် ရည်ရွယ်ချက် ခုနစ်ချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးထုအား အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် ပါဝင်လာစေရေးအတွက် မဝင်မနေရ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ကရင်ပြည်နယ်မှ စေတနာအလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

အဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းဆောင်ရွက်

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့သို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ကရင်ပြည်နယ် ဘားအံမြို့သို့လာရောက်ရခြင်းမှာ ကရင်ပြည်နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် နိုင်ငံတော်က ဖွဲ့စည်းပေးထားသည့် ကော်မတီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၀ဒသမ ၃ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည့်အလျောက် အမျိုးသမီးရေးရာကိစ္စများသည် ကြီးမားကျယ်ပြန့်လှသည့်အတွက် တစ်နိုင်ငံလုံး၏ အတိုင်းအတာဖြင့် ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များရှိနေကြောင်း၊ သို့အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခု ဖွဲ့စည်းလိုက်သည့် တိုက်တွန်းခြင်းမပြုဘဲ မိမိတို့၏ ဆန္ဒသဘောထားအရသာ လျှောက်ထားကြရန် နှိုးဆော်ပေးရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရေးစသည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို သိရှိနားလည် သဘောပေါက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဆောင်ပုဒ်ဖြစ်သည့် 'အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့' နှင့်အညီ အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားသည်။

ဖွဲ့စည်းပုံ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့မှ ဒေါ်ကြူကြူက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအဆင့်ဆင့်တို့၏ ဖွဲ့စည်းပုံနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် လျှောက်ထားကြရာတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းအသေးစိတ်တို့ကို လည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်မြမြက ပညာရေး၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ်လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့်စီမံရေးရာ၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ကရင်ပြည်နယ်မှ စေတနာအလျောက်ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၄၂သိန်းကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် နံနက် ၁၀နာရီခွဲတွင် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ညှော်ရိပ်သာခန်းမ၌ တွေ့ဆုံရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံ၍ လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်၍ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဟုယုံကြည်ကြောင်း၊ မရှင်းလင်းသည့် အချက်အလက်များနှင့် သိရှိလိုသည့် အချက်အလက်များကို တင်ပြနိုင်ကြောင်းဖြင့် ပဏာမ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်ထားရှိခဲ့သည့် လုပ်ငန်းကဏ္ဍအသီးသီးတို့ကို တင်ပြပြီး ကရင်ပြည်နယ် အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မရှင်းလင်းသည့် အချက်အလက်များနှင့် သိရှိလိုသည့် အချက်အလက်များ မေးမြန်းကြသည်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များက ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းများရှင်းလင်း

ဖေဖော်ဝါရီ ၁၉ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ အမျိုးသမီးရေးရာ အဖွဲ့ချုပ်လုပ်ငန်းများ ရှင်းလင်းပြောကြားစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Luo Haocai နှင့်အဖွဲ့သည် ယနေ့ညနေ၃နာရီခွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်ကြ၍ ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံလူငယ်များအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ သွင်းကုန်အစားထိုးမှ

ပြခန်းပေါင်း ၅၄ခန်းဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ၊ ထုတ်လုပ်ပုံနည်းစနစ်များ၊ ကျေးလက်ဒေသအထောက်အကူပြု စက်မှုလက်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ သဘာဝစွမ်းအင်ဆိုင်ရာ နည်းပညာပြကွက်များ၊ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာပြကွက်များကို ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားသူ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စက်မှုလက်မှုပညာရှင်များ လာရောက်ကြည့်ရှုကြသည်။

တိုးမြှင့်ပြသမည်

အဆိုပါပြပွဲကို ပြပွဲလာပြည်သူများ၏ တောင်းဆိုချက်အရ ဖေဖော်ဝါရီ ၂၃နှင့် ၂၄ ရက်အထိ တိုးမြှင့်ပြသမည်ဖြစ်ပြီး ပြပွဲအချိန်ကို နံနက် ၉နာရီမှ ည ၈ နာရီအထိ တိုးမြှင့်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ည၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်

အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
၈:၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀	၈။	ရွှေလီတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၀	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	အကပဒေသာ
၁၇:၅၀	၉။	ဘိုင်းဒါးရေလှောင်တမံ
၁၈:၀၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၁၀	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၈:၂၀	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success in Soccer
၁၉:၁၀	၁၆။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၂၅	၁၇။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၈။	(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲ ပြပွဲ ကြိုတင်ပြင်ဆင်မှုများ (အခြေခံပညာအဆင့်)
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

ဝေပုလ္လသန္တိသုခ သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ သာသနဝေပုလ္လကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာနန္ဒာဘိသီရိနှင့် အလှူရှင်များက စုပေါင်းဆောက်လုပ်လှူဒါန်းသော ဝေပုလ္လသန္တိသုခ သုံးထပ် ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါကျောင်းတော်ကြီးခန်းမ၌ ကျင်းပသည်။

အမျှပေးဝေ

အခမ်းအနားတွင်အလှူရှင်များက ပင့်သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ဇေယျဝတီကျောင်း ဆရာတော် ဓမ္မကထိက ဦးဥတ္တရက အနုမောဒနာတရား ချီးမြှင့်၍ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ကုန်ကျငွေ

အဆိုပါ ဝေပုလ္လသန္တိသုခ သုံးထပ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မတည်အလှူရှင်များအဖြစ် သာသနဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒာဘိသီရိက ငွေကျပ် သိန်းငါးရာ၊ ဦးအောင်နိုင်- ဒေါ်ကြင်ကျူး (ကျော်အင်ဂျင်ဝိုင် ရောင်းဝယ်ရေး) မိသားစုက ဘုရား၊ ဘုရားကျောင်းတော် ပလ္လင်နှင့် အသုံးအဆောင် ပစ္စည်းများအတွက် ငွေကျပ်သိန်းတစ်ရာ၊ ဦးအောင်လွင်-ဒေါ်ခင်ငွေခိုင် မိသားစုက စေတီတော်မှန်ဦးနှင့် ကျောင်းတော်ကြီး အမိုးအတွက် ငွေကျပ်သိန်းတစ်ရာ၊ ဝင်းစားတော်ဆက် ၁၉ လမ်းမိသားစုက ငွေကျပ်သိန်းတစ်ရာအပါအဝင်အလှူရှင် စုစုပေါင်း ၁၁၁ ဦးတို့က စုပေါင်းလှူဒါန်းကြပြီး သံကူကွန်ကရစ် သုံးထပ်အမျိုးအစား ကျောင်းတော်ကြီးတွင် တရားဟောခန်းမ၊ ဆွမ်းစားဆောင်၊ သံဃာတော်များ သီတင်းသုံးဆောင်တို့ ပါဝင်ကာ စုစုပေါင်းကုန်ကျငွေကျပ် ၁၀၃၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရန်မီးသတ်ဝတ်စုံပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ဝတ်စုံပေးအပ်ပွဲ၊ ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဧကရီခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစိုးမင်းက အမှာစကားပြောကြားပြီး ပန်းဘဲတန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုံးက မီးသတ်ဝတ်စုံများကို ပေးအပ်ရာအရန်မီးသတ်တပ်ခွဲမှူး ဦးခင်လှက လက်ခံယူသည်။

ယင်းနောက် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးကျော်မြင့်က မီးလောင်ရာတွင် စွန့်စွန့်စားစား တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား အရန်မီးသတ် တပ်ခွဲမှူး ဦးခင်ရှိန်က လက်ခံယူပြီး ကျောက်တံတား မီးသတ်ဇုန်နယ်မြေမှူး ဦးလှမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်ပညာရေး နယ်မြေ၌ ဘက်စုံ ထူးချွန်သူဆရာဆရာမ၊ ကျောင်း သားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အထက(၁)၌ ပြုလုပ်ရာအမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်လုက ဘက်စုံ ပထမ၊ ဘာသာစုံပထမ၊ ကျောင်းလုပ်ငန်းဒုတိယ၊ မြန်မာစာ၊ အင်္ဂလိပ်၊ သိပ္ပံ ပထမဆုရ အထက(၂) ဆဋ္ဌမတန်းကျောင်းသူ မနဒီလှိုင်းပြာအား ထူးချွန်ဆုချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Lupin Lab Ltd.(India) မှ W.H.O အသိအမှတ်ပြု FDC (Fixed Dose Combination) Akuri T-4 ၏ ဆေးဝါးမိတ်ဆက်ပွဲနှင့်အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့တို့၏ “Novel Approach to Management of Tuberculosis ”ဆေးပညာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် Lupin Lab Ltd.(India) မှ Senior Manager, Mr. Shrikant Kulkarni က အဖွင့်အမှာစကားပြောကြားပြီး သဃ်္ဃန်းကျွန်း အထွေထွေရောဂါကုဆေးရုံကြီးမှ Chest Physician ဒေါက်တာရတနာကျော်က "A Brief Talk on FDC "အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူနိုးက "Novel Approach to Application of DOTS" အကြောင်းကို လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် Lupin Lab Ltd. (India) မှ Medical Director, Dr. Bhaduri က "Latest WHO Guidelines for TB Treatment " နှင့် "Introduction of AkuriT-4" ဆေးသစ်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ မေးမြန်းချက်များကို စာတမ်းဖတ်သူဆရာဝန်များက ရှင်းလင်းပြောကြားကြသည်။

အဆိုပါ AkuriT-4 (new FDC firstly launched in Myanmar) ကို Mega Products Limited မှ တရားဝင်တင်သွင်းဖြန့်ချိမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အသင်းလိုက်ဘက်စုံဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်အသင်းခန်းမ၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်စောမွန်က အသင်းလိုက်ဘက်စုံစံပြပထမဆုရ (၂၃/၁၂) အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်စန်းဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အင်အားအသင့်အတင့်ငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၂၀ မိနစ် ၂၅ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်း၏ တောင်ဘက် မိုင် ၁၃၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရှိ မဂ္ဂင်လမ်းနှင့် တောကျောင်းလမ်းတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပျော်ဘွယ် အထကနှင့် အထက(ခွဲ) အတွက်ငွေပဒေသာပင်စိုက်ထူ

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြို့နေ (ပျော်ဘွယ် ဦးမြ မိသားစုဝင်) ဆရာမကြီး ဒေါ်မျိုးမြင့်က ပျော်ဘွယ်မြို့အထကနှင့် အထက(ခွဲ) ပန်းစုံတို့အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ ရက်က အထက ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ခင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးရှိန်တို့က အမှာစကားပြောကြားကြပြီး အလှူရှင် ဒေါ်မျိုးမြင့်က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထက(ပျော်ဘွယ်)သို့ အလှူငွေကျပ် နှစ်သိန်း၊ အထက(ခွဲ)ပန်းစုံသို့ ကျပ်နှစ်သိန်းခွဲတို့ကို တတိယအကြိမ်အဖြစ် ငွေပဒေသာပင်စိုက်ထူလှူဒါန်းရာ ကျောင်းအုပ်ကြီးများက လက်ခံရရှိကြကြောင်း သိရသည်။ **(အောက်ပုံ) (၂၅၀)**

မီးသတ်မော်တော်ယာဉ်များစက်ပိုင်းကြံ့ခိုင်မှု ကြည့်ရှု

မိုးကောင်း ဖေဖော်ဝါရီ ၈

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် မိုးကောင်းမြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁ရက်က မြို့နယ်အရန်မီးသတ်တပ်ရင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကာကွယ်ရေး

အခမ်းအနားတွင် မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်က မိုးကောင်းမြို့နယ်အတွင်း မီးဘေးကြိုတင်တားဆီးကာကွယ်ရေးအတွက် စီမံဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့စည်းရုံးမှုနှင့် လေ့ကျင့်ပညာပေးမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အမှာစကားပြောကြားသည်။

မှာကြား

ထို့နောက် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးကြည်မြင့်နှင့်အတူ မိုးကောင်းမြို့နယ် အရန်မီးသတ်တပ်ရင်းရုံးနှင့် မီးသတ်မော်တော်ယာဉ်နှင့် နမ္မတီးကျေးရွာအုပ်စု အရန်မီးသတ် တပ်ဖွဲ့စခန်း မီးသတ်မော်တော်ယာဉ်များ စက်ပိုင်းကြံ့ခိုင်မှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၄၁၆)**

မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးဟောပြော

တာချီလိတ် ဖေဖော်ဝါရီ ၂၂

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေးပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီးကျေးရွာ၌ကျင်းပရာ တိုင်းရင်းသား ပြည်သူ ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွာဦးစွာ အခါတိုင်းရင်းသားခေါင်းဆောင် ဦးအာဇီးက အာဒီးကျေးရွာ နယ်မြေအတွင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြပြီး တာချီလိတ်ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမောင်တင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ချစ်သိန်း၊ လူမှုဝန်ထမ်းဌာန ပြန်လည်ထူထောင်ရေးစခန်း ဒုတိယမန်နေဂျာ ဦးထွန်းလင်း၊ မူးယစ်(အထူး)တပ်ဖွဲ့မှ ဒုရဲမှူး ကျော်မြင့်တို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။ **(၄၂၀)**

အမြို့မြို့အနယ်နယ်သတင်းများ

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး အထွက်တိုးစပါး စိုက်ပျိုးရေးဆွေးနွေး

သီပေါ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်(၂)ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဝါ၊ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အထူးအထွက်တိုးစပါး ဧကတစ်သောင်းစိုက်ပျိုးရန် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မိုးရာသီသီးနှံ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ လယ်ယာထွက်ကုန်နှစ်ဆတိုးမြှင့်ရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းစနစ်များ၊ မျိုးစေ့များ၊ လိုအပ်မည့် ဓာတ်မြေဩဇာများအချိန်မီ ရရှိရေးအတွက် တွေ့ဆုံဆွေးနွေးသည်။

လွှဲပြောင်း

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက သီပေါမြို့နယ်အတွက် ကူညီပံ့ပိုးသော လက်တွန်းထွန်စက် သုံးစီးအား တိုင်းမှူးကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းထံသို့ လွှဲပြောင်း ပေးအပ်သည်။

ကြည့်ရှု

ဆက်လက်၍ ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် သီပေါမြို့နယ်ရေပူစမ်း(နမ့်အွန်)ကျေးရွာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သီပေါရဲစခန်းက စိုက်ပျိုးထားသည့် နွေစပါး ၁၀ ဧကစိုက်ခင်းနှင့် စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မည့် စိုက်ခင်း ၁၆ ဧကကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(၃၀၆)**

ဝက်လက်မြို့၌ လမ်းများပြုပြင်

ဝက်လက် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ တိုင်းညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့သည် ဇန်နဝါရီ၁၈ရက်က ဝက်လက်-အင်ကြင်းပင်လမ်းကျောက်ခင်းခြင်းအခြေအနေများ၊ ရွာချင်းဆက်လမ်းများ ကောင်းမွန်စေရန် ကျေးလက်ကျောက်ချောလမ်းကို ကျောက်စုဆောင်း၍ မြေသားလမ်းကို ပြုပြင်ရန်၊ ကျောက်ကောင်းရရှိရေးနှင့် အဆင့်မီလမ်းဖြစ်စေရေး၊လမ်းဖြတ်ကူးတံတားခိုင်ခံ့ကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလတွင် ပြီးစီးရန်တို့ကို မှာကြားကြောင်း သိရသည်။ **(၂၃၀)**

ဟသ်ာတမြို့နယ် ပဒေသာဈေး(ဒွေးဝင်းဈေး)တွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလက်တွေ့ သရုပ်ပြလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ဦးဆောင်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေး မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရွှေဘို ဖေဖော်ဝါရီ ၁၆

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့်ရုံးအဖွဲ့က နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၇ရက်က ကံဖြူကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ဆရာမ ဒေါ်ခင်ဆွေဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်သူများနှင့် ကျောင်းသားကျောင်းသူများက စာအုပ်စာတမ်းများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံမှတ်တမ်းများကို လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆုံမန်ကျည်းပင်လမ်းခွဲ၌ အမှတ်(၂)ရဲစခန်းဖွင့်

မကွေး ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မကွေးမြို့ အမှတ်(၂) ရဲစခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၃ရက်က အဆိုပါ ရဲစခန်းတည်ရှိရာ ဆုံမန်ကျည်းပင်လမ်းခွဲ၌ ကျင်းပရာ မကွေးတိုင်း ရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သန်း၊ မကွေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်အေး၊ ခရိုင်ရဲတပ်ဖွဲ့ (ရဲမှူးဦးစီး) ရဲမှူးမောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်မြင့်၊စခန်းမှူးများ၊နယ်မြေရဲ ကင်းမှူးများ၊ရပ်ကွက်ဥက္ကဋ္ဌများ၊မှူခင်းသတင်းထောက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သန်းက အမှတ်(၂)ရဲစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**(၃၈၃)**

ဇန်နဝါရီ ၁၇ ရက်က ပုလဲမြို့နယ် ကြောင်သန်းကျေးရွာ သန်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစက်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

စေတနာရှင်များ စုပေါင်းလှူဒါန်း

မိုးညှင်း ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပျော်ဘွယ်ကျေးရွာတွင် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် တည်ဆောက်သည့် ကျပ်သိန်းသုံးရာကျော်ရှိ ပညာရောင်ခြည်စာသင်တိုက် ‘ပညာရောင်ခြည်ကျောင်းဆောင်” ရေစက်ချလှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ မြို့နယ် သံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော်များ၊ ပင့်ဖိတ်ထားသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အဆိုပါ ပညာရောင်ခြည် စာသင်တိုက်ကို ပဓာနနာယကဆရာတော် ဦးပညောဘာသ (မန္တာစရိယ)က ကြီးကြပ်ဆောင်ရွက်တော်မူကြောင်း သိရသည်။ **(၁၅၂)**

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖြန့်ဝေပေးသော မြို့ရေပေးရေးလုပ်ငန်းက ရေအပြည့်အဝရရှိရေးအတွက် မြို့တွင်း ရေပိုက်လိုင်းများ ပြုပြင်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစန်းလွင်က ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥတိုကြာအင်းဒေသမြို့တော်စိုက်ကွင်းနှင့်အပန်းဖြေစခန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ၂၀ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းတိုက်ကြီးမြို့နယ် ဥတိုကြာအင်းဒေသ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့တော်စိုက်ကွင်းနှင့် အပန်းဖြေ စခန်းသို့ရောက်ရှိလာရာ ရှေးဦးစွာမြို့တော်ဝန်အား ဥတိုကြာအင်းဒေသ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ကော်မတီဝင် ဦးအောင်စိုးနှင့် စခန်းတာဝန်ရှိသူများက စခန်းအစည်းအဝေးခန်းမ၌ ဥတို၊ ကျုံတမျှင်၊ ကြာအင်းနှင့်ဇီးကုန်းကြီးစခန်းတို့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကျုံတမျှင်စခန်းအနီး၌ လယ်မြေများရေရရှိနိုင်ရန် ကျုံတမျှင်ချောင်းမှ တစ်ဆင့် လျှပ်စစ်ဖြင့်ရေတင်မည့်လုပ်ငန်း ဆောင်ရွက်မည့်အခြေအနေ၊ ကြာအင်းစိုက်ပျိုးမွေးမြူရေးစခန်း၌ စက်မှုလယ်ယာအသွင် ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေစတင်ဖော်ထုတ်နေမှု၊ ရေရရှိရန် လျှပ်စစ်မော်တာအသုံးပြု၍ ရေတင်စက်များ တပ်ဆင်မည့်အခြေအနေ၊ ဇီးကုန်းစိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်း၌ ငါးကန်များတူးဖော်ပြီးစီးမှု၊ ဆက်လက်တူးဖော် ပြုပြင်ဆောင်ရွက်မည့် ငါးကန်များနှင့် ကျုံတမျှင်ချောင်းရေထိန်းတံခါးတို့ကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားကြီးများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရေး၊ တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းများအပေါ် တိုးတက်အောင်မြင်မှုရှိစေရန် နည်းလမ်းရှာကြံဆောင်ရွက်ကြပြီး အဆင့်ဆင့် စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲကာ စေတနာထား လုပ်ဆောင်ရေး၊ စာရင်းဇယားတိကျစွာထားရှိရေး၊ ဝင်ငွေလျာထားချက် ပြည့်မီအောင်လုပ်ဆောင်ရေး၊ စခန်းလုံခြုံမှုရှိစေရေးနှင့် ငါးကန်ပေါင်များ၌ စားသုံးသီးနှံပင်များတိုးချဲ့ စိုက်ပျိုးထားရှိရေးတို့ကို မြို့တော်ဝန်ကမှာကြားပြီး စခန်းတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၄ ရက်က ရေကြည်မြို့ အောင်ဆန်းရပ်ကွက် ၄ လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိန်မှန်၊ လမ်းကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးမျိုးမြင့် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နှင့်၁၈ရက်များတွင် ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ၏ စည်ပင်သာယာရေးလုပ်ငန်း၊ မြို့သာယာလှပရေးလုပ်ငန်းများအား လှည့်လည်စစ်ဆေးခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဟားခါးမြို့သို့ရောက်ရှိလာပြီး ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသည့် ဟာအိုဆန်ချောင်းကူးတံတား တည်ဆောက်ခြင်းနှင့် ယင်းမာပင်လမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုများအား သွားရောက်စစ်ဆေးသည်။

ထိုမှတစ်ဆင့်ညွှန်ကြားရေးမှူးချုပ်သည် မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်ရေး၊ ပျိုးဥယျာဉ်တည်ဆောက်ထားရှိမှုနှင့် မြို့နယ်စည်ပင်ရုံး ဆောက်လုပ်မည့် မြေနေရာအားသွားရောက်စစ်ဆေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ထန်တလန်မြို့သို့ရောက်ရှိပြီး မြို့သာယာလှပရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား စစ်ဆေးခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ထောင်လိန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ၁၈ရက်တွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဖလမ်းမြို့နယ်ခန်းမနှင့် မြို့စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခဲ့သည်။ ထိုမှတစ်ဆင့်တီးတိန်မြို့သို့ရောက်ရှိရာ မြို့နယ်နာရီစင် ပြုပြင်မွမ်းမံမှုလုပ်ငန်း၊ လွတ်လပ်ရေးကျောက်တိုင်ကျောက်စီနံရံပြုလုပ်ခြင်းလုပ်ငန်းနှင့် နေစုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများအား လိုက်လံစစ်ဆေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တွန်းဇံမြို့သို့ ရောက်ရှိပြီး မြို့သာယာလှပရေး၊ ပျိုးဥယျာဉ်တည်ဆောက်ထားမှုအခြေအနေ၊ မြို့ရေပေးဝေရေးလုပ်ငန်းအတွက် ပစ္စည်း များစုဆောင်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၇၆၃ မှုဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၃ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၆၃မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၃၉၆မှုအလေးချိန် ၁၄၈၁ ဒသမ၄၉၇၈ ကီလို၊ဘိန်းဖြူ ၉၆၈ မှု အလေးချိန်၅၆၈ဒသမ ၀၈၂၇ ကီလို၊ဘိန်းညိုနှစ်မှု အလေးချိန်၁၅၆ ဒသမ ၂၅ ကီလို၊ ဘိန်းဆီ ၅၁ မှု အလေးချိန် ၅၁ ဒသမ ၇၃၇၅ ကီလို၊ အဆင့်နိမ့် ဘိန်း ၂၀၀မှု အလေးချိန် ၂၀၃ ဒသမ ၈၆၈ ကီလို၊ ဆေးခြောက် ၁၉၄မှု အလေးချိန် ၈၅ ဒသမ ၂၀၁၆ ကီလို၊ ဖင်ဆီဒိုင်း ၂၄မှု ပမာဏ ၇၄ ဒသမ ၆၈ လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂မှု ၄၀၀၂၅၂၄ပြား၊ အက်ဖီဒရင်း လေးမှု အလေးချိန် ၃၀၇ဒသမ ၉၃၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်ရှစ်မှု အလေးချိန် ၈ဒသမ ၀၆၆၉ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်နှစ်မှု ပမာဏ၂၆ဒသမ ၈၃ လီတာ၊ ဘိန်းစာမှုန့် ၂၂ မှုအလေးချိန် ၉၈ ဒသမ ၈၂၇၅ ကီလို၊ ကေဖင်း တစ်မှု အလေးချိန် ဒသမ ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်)နှစ်မှု အလေးချိန် ၁၀၂ ဒသမ ၀၀၀၁ ကီလို၊ ဗြူပရီနော်ဖင်းထိုးဆေးငါးမှု၄၀၂ ပုလင်း၊မော်ဖင်းထိုးဆေးနှစ်မှုခြောက်ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေးတစ်မှု ၁၂ ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြားကိုးမှု ၂၄၈၄၄၅ ပြား၊ဖီနိုင်းအက်စစ်တစ်အက်စစ် အလေးချိန် ၆၁၀ ဒသမ ၆၁ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်တစ်မှု ပမာဏ၂၅၆၂ ဒသမ၂၄ လီတာ၊ ဓာတုဆေးရည်၁၈ မှုပမာဏ ၃၆၉၀၃ ဒသမ၈၃၇ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၇၀၄၅ဒသမ ၃၂၁၆ ကီလို၊ မှတ်ပုံတင်ပျက် ၂၈၉မှု၊ အခြားအမှု ၉၂ မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၇၆၃မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား၃၁၁၇ ဦး၊ တရားခံ မ ၇၃၁ ဦး စုစုပေါင်းတရားခံ ၃၈၄၈ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၃ခုနှစ်အတွင်း တပ်မတော် တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ နယ်မြေလုံခြုံရေး တာဝန် ဆောင်ရွက်စဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဘိန်းချက်စခန်းခုနစ်ခု ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဘိန်းချက် စခန်းများမှ မူးယစ်ဆေးဝါးများ၊ ဓာတု ဆေးရည်များနှင့် ဘိန်းချက်ဆက်စပ် ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက် ရာသီတွင် တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းများကို ဖျက်ဆီးလျက်ရှိရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ ရက် အထိရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည် နယ်(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့၌ စုစုပေါင်းဘိန်းခင်း ၅၅၇၃ ဒသမ ၉၁၆ဧက ၂၂၅၅ ဒသမ ၇၃ ဟက်တာ ဖျက်ဆီးခဲ့သည်။

၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ် မူးယစ် ဆေးဝါးဖမ်းဆီးရမိမှုကို နှိုင်းယှဉ်လျှင် ၂၀၀၃ ခုနှစ်တွင် ၂၀၀၂ခုနှစ်ထက်ဘိန်းဖြူအလေးချိန် ၂၃၄ ဒသမ ၁၉၅ ကီလို၊ ဓာတုဆေးရည် ပမာဏ ၁၀၄၆၃ ဒသမ ၄၁၈ လီတာ၊ ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းအလေးချိန် ၃၈၁ ဒသမ ၇၇၇၅ ကီလို၊ ဆေးခြောက်အလေးချိန် ၁၉၆ ဒသမ ၇၈၆၈ ကီလို၊ ဖင်ဆီဒိုင်း ပမာဏ ၂၆၃ ဒသမ ၇၇၄ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၉၇၂၇၀၊ အက်ဖီဒရင်းအလေးချိန် ၁၄၁၅ ဒသမ ၆၀၄၇ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်ပမာဏ ၃၉၁ ဒသမ ၀၄၈၄ လီတာ၊ လျော့နည်း ဖမ်းဆီးခဲ့သည်။၂၀၀၃ခုနှစ်တွင် ၂၀၀၂ခုနှစ်ထက် အမှုပေါင်း ၁၃၆မှု တရားခံပေါင်း ၄၄၃ ဦးလျော့နည်းဖမ်းဆီးခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၇)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် အသင်းခွဲဥက္ကဋ္ဌ ဒေါ်တင်ရီက ဆုရ ကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ် သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်း ပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်း အမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်း တစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင် လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း

(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း

(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း

(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)

(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း

(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီးဖြစ်ပါသည်။

